# ဘုရားသခင် ပုံသွင်းထားသော အသက်တာ စံပုံစံညွှန်း



အယ်ဒရီယန်
အီဘာန်စ်

# ဘုရားသခင်ပုံသွင်းထားသောအသက်တာစံပုံစံညွှန်း

## သင်၏နေထိုင်မှု၊ တွေးခေါ်မှု နှင့်ပေါင်းသင်းဆက်ဆံရေး၌သာယာဝပြောမှုယူဆောင်လာခြင်း

အယ်ရီယမ် အီဘမ်စ်

## မာတိကာ

| | |
|---|---|
| ၁. ရှာပုံတော် | ၃ |
| ၂. ကြွေကျသော ပန်းသီး | ၅ |
| ၃. နေကိုဝတ်ဆင်၍ လပေါ်မှာ ရပ်နေခြင်း | ၈ |
| ၃. ဗိညာဉ်ရေးဆိုင်ရာ မြေပုံနှင့် လမ်းညွှန် | ၁၂ |
| ၄. ဘုရားသခင့် စံပုံစံညွှန်း | ၁၇ |
| ၅. အသက်စမ်းရေချောင်း | ၂၄ |
| ၆. ဤလောက၏ဘုရားနှင့် ဆန့်ကျင်ဘက်စွမ်းအားများ မွေးဖွားခြင်း | ၂၈ |
| ၇. အသက်ဝိညာဉ်အတွက် ဥပုသ်နေ့- တစ်ပတ်တွင်း နားရာရက်ရှာဖွေခြင်း | ၃၃ |
| ၈. ကျဉ်းသောလမ်းမှ ဘုရားနှစ်သက်သောအသက်တာ ပုံစံသို့ | ၃၇ |
| ၉. နောက်တစ်ဆင့် | ၄၂ |

MARANATHA
MEDIA

ပုံနှိပ်သူ– မာရာနတာ မီဒီယာ
adrian@life-matters.org

*All Bible verses quoted from the New King James unless otherwise stated*

*ပထမအကြိမ်ပုံနှိပ် ခြင်း –၂၀၁၅*
*ထပ်မံထုတ်ဝေခြင်း – ၂၀၁၈ ဩဂုတ်လ*

# အခန်း ၁

## ရှာပုံတော်



၁၇ရာစုနှောင်းပိုင်းတွင် အိုင်းဇက်နယူတန်သည် ကောင်းကင်အာကာသနှင့်ဆိုင်သော လည်ပတ်မှု အကြောင်း တွေးဆနေခဲ့သည်။ ကောင်းကင်တန်ဆာများသည် ကောင်းကင်တစ်လျှောက် ရွေ့လျား နေနိုင်ရန် မည်သည့်အရာနှင့် ဆက်နွယ်နေသနည်း။ ထိုဆက်နွယ်မှုကို ထိန်းချုပ် ဖော်ပြနိုင်သော ရိုးရှင်းသည့် စကြာဝဠာစည်းမျဉ်း ရှိနိုင်ပါသလား။ ရှုပ်ထွေးမှုတစ်ခု သို့မဟုတ် နားလည်နိုင်ရန် ခက်ခဲသော လျှို့ဝှက်ချက်သာဖြစ်သလော။ ၎င်းရှာဖွေမှုဖြစ်ပေါ်လာစေရန် နယူတန်၏စိတ်ကို မည်သည့်အရာက နှိုးဆွခဲ့သနည်း။ သူ၏ခေါင်းပေါ်သို့ ပန်းသီးတစ်လုံးထိမှန်ရာမှတစ်ဆင့် သူသည်မြေထုဆွဲအားကို ထည့်သွင်းစဉ်းစားနိုင်ခဲ့သလား။ မကြာသေးမီက လန်ဒန်တော်ဝင် လူ့အဖွဲ့အစည်း၏ မော်ကွန်းတိုက်တွင် တွေ့ရှိသည့် ဆာအိုင်းဇက်နယူတန်၏ ဘဝအတ္ထုပ္ပတ္တိဖြစ်သော လက်ရေးမူတစ်ခုတွင် ယင်းအဖြေကို ယခုကဲ့သို့ဖော်ပြထားသည်။

> “သူက*ညနေစာစားပြီးသည်နှင့်ရာသီဥတုပူ*နွေးလာသောကြောင့်*ကျွန်တော်တို့ဥယျာဉ်ထဲသို့သွားပြီးပန်းသီးပင်*များအောက်*တွင်လက်ဖက်ရည်သောက်ခဲ့ကြ*သည်။ထိုစဉ်ပန်းသီးတစ်လုံးပြုတ်ကျလာရာဂင်းပန်းသီးသည်အဘယ်ကြောင့်ပြုတ်ကျလာရသနည်းဟုတွေးတောမိခဲ့ကြောင်းပြောပြခဲ့သည်။”

ယင်းအဖြစ်အပျက်ကြောင့် ဖရင်(န်)စီဖိယာ့ဟူသောစာအုပ်ကို ထုတ်လုပ်နိုင်ခဲ့သည်။ ထိုစာအုပ်တွင် နယူတန်သည် ရွေ့လျားမှုနှင့်ဆိုင်သော သိပ္ပံပညာရပ်များ၏ အခြေခံအုတ်မြစ်နှင့် စကြာဝဠာ၏ ရွေ့လျားမှုဆိုင်ရာ နိယာမတရား ၃ရပ်ကိုဖော်ပြခဲ့သည်။

ဤနိယာမများသည် အရာဝတ္ထုများအကြား ဆက်နွယ်မှု၊ ၎င်းတို့အပေါ်သက်ရောက်သော စွမ်းအားစုများနှင့် ရရှိလာသောရွေ့လျားမှုကို ဖော်ပြသည်။ နယူတန်သည် ကမ္ဘာ့မြေထုဆွဲအား

နိယာမ၏ အကျိုးသက်ရောက်မှုကို လက်တင်စကားလုံး *gravitas* ဆွဲငင်အား(အလေးချိန်) ဟုအသုံးပြုခဲ့ပြီးနောက် မြေထုဆွဲအားအဖြစ် လူသိများ လာခဲ့သည်။.[1]

နယူတန်၏ ဖရင်(န်)စီဖိယာ့စာအုပ်သည် စကြဲ့ဝဠာဆိုင်ရာ သိပ္ပံနည်းကျအမြင်ကို လာမည့်နှစ်ပေါင်း ၃၀၀အထိလွှမ်းမိုးလိမ့်မည်။ သူသည် ဤအခြေခံသဘောတရားများကိုသုံး၍ ကြယ်တံခွန်များ၏ လမ်းကြောင်းများ၊  ဒီရေများ၏ရွေ့လျားမှုနှင့် စကြဲ့ဝဠာဆိုင်ရာ ဂြိုဟ်များရွေ့လျားမှုများကို တွက်ချက်ပြနိုင်ခဲ့သည်။ ကမ္ဘာသည် နေအဖွဲ့အစည်း၏  ဗဟိုမဟုတ်ကြောင်းကို ၎င်းကဖော်ပြထားသည်။[2] ကောင်းကင်အရာဝတ္ထုများအကြား ဆက်နွယ်မှုကို လေ့လာခြင်းသည် စကြဲ့ဝဠာနှင့်ပတ်သက်၍ ကျွန်ုပ်တို့ကို ပိုမိုနားလည်စေပြီး ကမ္ဘာ့ဆွဲငင်အားနိယာမများအရ ကမ္ဘာပေါ်တွင် နေထိုင်သော လူသားတို့၏စွမ်းဆောင်ရည်ကို မြင့်မားစေသည်။

အာကာသဗိမာန်အကြောင်းကို အသိအမှတ်ပြုရာ၌ နယူတန်၏စူးစမ်းမှုသည် မြေကြီးပေါ်တွင် ဖြစ်ပေါ်ခဲ့သော ဖြစ်ရပ်တစ်ခုအားဖြင့် အစပျိုးခဲ့သည်။ သစ်ပင်တစ်ပင်မှ ပြုတ်ကျလာသည့် ပန်းသီးတစ်လုံး၏ဖြစ်စဉ်ကြောင့် ပန်းသီးနှင့်ကမ္ဘာမြေစပ်ကြား ဆက်နွယ်မှုကို လေ့လာဖို့ရန် ဖြစ်စေခဲ့သည်။

၂၁ ရာစုအဆုံးတွင် ကျွန်ုပ်၏စိတ်သည် ဝိညာဉ်ရေးခန္ဓာကိုယ်များအကြား ဆက်နွယ်မှုကို အခြေခံသည့် ရှာပုံတော်အသစ်တစ်ခုသို့ ဦးတည်ခဲ့သည်။ ရုပ်ပိုင်းဆိုင်ရာ ကိုယ်ခန္ဓာ၏ဆက်စပ်မှုကို မှန်ကန်စွာနားလည်ထားခြင်းသည် သိပ္ပံဆိုင်ရာလူ့ကြိုးပမ်းမှု၌ ဤမျှထူးကဲသော တိုးတက်မှုများကို ဖြစ်ပေါ်စေနိုင်ပါက ကောင်းကင်နှင့်မြေကြီးဆိုင်ရာ ဝိညာဉ်ခန္ဓာများ၏ ဆက်နွယ်မှုကို မှန်ကန်စွာ နားလည်ခြင်း၏အကျိုးသက်ရောက်မှုမှာ အဘယ်သို့ရှိနိုင်သနည်း။ မြေကြီးနှင့်ဆိုင်သော ဝိညာဉ်ရေးရာ ခန္ဓာများအားဖြင့် ကျွန်ုပ်သည် အမျိုးသား၊ အမျိုးသမီး နှင့် ကလေးများ၏စိတ်၊ လူသားနှင့်ဘုရားတို့၏ ဆက်စပ်မှုနှင့် ဘုရားသခင့်နှစ်သက်ဖွယ်သော အသက်တာ၌ရှိနေသည့် ဆက်နွယ်မှုများအကြောင်းကို ရည်ညွှန်းနေခြင်းဖြစ်သည်။ နယူတန်၏ ဤကမ္ဘာမြေပေါ်တွင် ရှာဖွေမှုအဖြေကို ကောင်းကင်နယ်ပယ် အတွင်း တွေ့ရှိခဲ့ကြောင်း ဖော်ပြလိုပါသည်။

ဝိညာဉ်ရေးရာကိုယ်ခန္ဓာကို အုပ်ချုပ်သော စကြဲ့ဝဠာဥပဒေ၏ရှာပုံတော်ကို ကျွန်ုပ်တို့ အစပြုပါစို့။

[1] https://en.wikipedia.org/wiki/Isaac_Newton#Mechanics_and_gravitation

[2] Ibid

# အခန်း ၂

## ကြွေကျသော ပန်းသီး

ကျွန်ုပ်သည် ခရစ်ယာန်အဖွဲ့အစည်းတစ်ခုတွင် အလုပ်လုပ်နေစဉ်ခါ လိင်ပိုင်းဆိုင်ရာအဓမ္မပြုခြင်း၏ ဆိုးကျိုးများကို တွေ့ခဲ့ရပါသည်။ ၎င်းတို့ခံစားခဲ့ရသည့်စိတ်ဒဏ်ရာအချို့ကို လေ့လာရင်း လူမှုအဖွဲ့အစည်းအတွင်း၌ လူသားများမည်မျှလောက် ထိခိုက်နာကျင်မှုများ ခံစားနေရမည်ကို ကျွန်ုပ် ပိုမို၍ သတိထားမိလာပါသည်။ အသင်းတော်ရှိ ယုံကြည်စိတ်ချရသောခေါင်းဆောင်များက ဤဒုက္ခသားကောင်များကို  အလွဲသုံးစားပြုလာသောအခါ ခရစ်ယာန်တစ်ဦးသည် ကြီးမားသောယုံကြည်မှုကို ရသော်လည်း သစ္စာဖောက်မှုတွင် မည်ကဲ့သို့ပါဝင်နိုင်ခဲ့သည်ကို ကျွန်ုပ် မေးခွန်းထုတ်မိခဲ့သည်။ ဤအရာသည် ကျွန်ုပ်၏ နှလုံးသားထဲတွင် အတွေးတစ်ခုအဖြစ် စွဲကျန်နေခဲ့သည်။ ခရစ်တော်ကို ယုံကြည်ပြီး ခေါင်းဆောင်အဖြစ်လေးစားခံရသူတစ်ဦးသည် ဤအရာများကို အသေးအမွှားမဟုတ်ဘဲ ပုံမှန်ကဲ့သို့ဖြစ်ပျက်လာစေရန် သူတို့မည်သို့ခွင့်ပြုနိုင်ကြသနည်း။



တစ်နေ့တွင် အလွန်အရေးကြီး၍ သွားရောက်ကူညီရန်လိုအပ်သည့် ဖုန်းခေါ်ဆိုမှုတစ်ခုကို ကျွန်ုပ်လက်ခံရရှိခဲ့သည်။ကျွန်ုပ်အမှုဆောင်သောနေရာ၌အသင်းသားနှစ်ဦးအငြင်းပွားကြသည်။ကျွန်ုပ်ရောက်သွားသောအခါပြင်းထန်သောအငြင်းပွားသံကိုကြားရသည်နှင့် ချက်ချင်း ဖြေရှင်းနိုင်ရန် ဉာဏ်ပညာနှင့် ကျေးဇူးတော်အတွက် ကျွန်ုပ်ဆုတောင်းခဲ့သည်။ မိဘများ တစ်ဦးနှင့်တစ်ဦး ခါးသီးသောစကားများဖြင့် အငြင်းပွားကြချိန်တွင် သားသမီးများ၏ မျက်လုံးများတွင် ကြောက်ရွံ့ထိတ်လန့်မှုကို တွေ့ခဲ့ရသည်။ အသင်းတော်တွင် ဤသို့သော ပဋိပက္ခများ ရှိလိမ့်မည်ဟု သင်စဉ်းစားမိမည်မဟုတ်ပေ။ ထိုညတွင် တုန်လှုပ်သွားစေသော အခြေအနေများသည် ကျွန်ုပ်စိတ်အတွင်း၌ တစ်စုံတစ်ခုကို စတင်ဖြစ်ပေါ်လာစေခဲ့သည်။

ယခင်က ကျွန်ုပ် လေ့လာခဲ့ရသည့် ကွာရှင်းခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အဓမ္မပြုခြင်းနှင့် ပတ်သက်သော အကြောင်းအရာများကို ပြန်လည်ဖော်ပြလိုပါသည်။ ရက်စက် ကြမ်းကြုတ်မှု ဖြစ်စေသည့် အကြောင်းအရာများသည် အလေးအနက် ထားသင့်သည့် အခြေအနေများ ဖြစ်သည်။ ဤအရာကို ပြန်စဉ်းစားခြင်းဖြင့် အတွေးစိတ်ထဲ၌ ပန်းသီးကျသွားသည့် အချိန်ကို သတိရစေခဲ့သည်။

တစ်စုံတစ်ခု ပျောက်ဆုံးနေပြီး ၎င်းမှာ မည်သည်ဖြစ်သည်ကို ကျွန်ုပ်မသိပေ။ ကျွန်ုပ်နားမလည်နိုင်သော အရာမှာ ယခုလက်ရှိတွင် ကလေးငယ်(၁၀)ယောက်တိုင်းတွင် (၁)ယောက်မှာ အဓမ္မပြုခြင်း ခံရသည်။[3] ကျွန်ုပ် အလုပ်လုပ်ခဲ့သော အဖွဲ့အစည်းထဲ၌ ကွာရှင်းမှုနှုန်းသည် ၂၈%အထိမြင့်မားပြီး အချို့သော ဒေသများရှိ အိမ်ထောင်ရေးပဋိပက္ခမှာမူ ၅၈% အထိရှိသည်။[4]

ကျွန်ုပ်သည် ယင်းအကြောင်းအရာကို လျစ်လျူမရှုနိုင်ချေ။ မိသားစုနှင့် လူမှုအဖွဲ့အစည်းဆက်ဆံရေး ပြိုပျက်ခြင်း၏ အကြောင်းရင်းကို ကျွန်ုပ်ရှာဖွေရမည်။ ကမ္ဘာပေါ်တွင်သော်လည်းကောင်း၊ အသင်းတော်တွင်လည်းကောင်း လူအများစုသည် မိမိတို့၏ မိသားစုအပေါ်တွင်သာ တန်ဖိုးထားမှုကြောင့် ဤပြဿနာသည် ပို၍ရှုပ်ထွေးစေသည်။ အောက်ပါဖော်ပြချက်များကို ဆင်ခြင်ကြည့်ပါ-

> "ကမ္ဘာပေါ်တွင်မိသားစုသည် အရေးကြီးဆုံးအရာဖြစ်သည်" - *ဘုရင်မ ဒိုင်ယာနာ*
>
> "တိုင်းပြည်တစ်ပြည်၏အင်အားသည် အိမ်ထောင်စည်းလုံးခြင်းမှရရှိသည်" - *ကွန်ဖြူးရှပ်*
>
> "ကျွန်တော့်ဘဝ၏ အပျော်ရွှင်ဆုံးအချိန်များသည် ကျွန်ုပ်မိသားစုနှင့် အတူရှိခဲ့သော အချိန်များပင်ဖြစ်သည်" - *သောမတ် ဂျေဖာဆန်*
>
> သင်၏မိသားစု၊ သင်၏မိတ်ဆွေ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်မှုကို အလေးထား မြတ်နိုးပါ – *ဘာဘာရ ဘွတ်ရှ်*

ဤခံယူချက်များကို ကျွန်ုပ်ပုံမှန်ကြားရသော်လည်း မိသားစုများနှင့် လူမှုအသိုင်းအဝိုင်းများတွင် ရန်မူခြင်းများ၊ ပဋိပက္ခများနှင့် အလွဲသုံးစားမှုများစွာ ရှိနေခြင်းကြောင့် မေးခွန်းထုတ်စရာ ဖြစ်လာသည်။ ခိုင်မာသော၊ ကောင်းမွန်ပြေပြစ်သော ဆက်ဆံရေးကို တည်ဆောက်ရန်အတွက် မည်သည်တို့မှာ အခြေခံစည်းမျဉ်းများဖြစ်သနည်း။ ဤနေရာတွင် စိတ်ခံစားမှုများကို မှန်ကန်စွာ နားလည်ရန်နှင့် ကျွန်ုပ်တို့၏ဆက်ဆံရေးကို ညီညွတ်စေရန် လောကနီတိတစ်ခုခု ရှိပါသလား။

နယူတန်ကဲ့သို့ပင် ကျွန်ုပ်စိတ်သည် ၎င်းအဖြေကိုတွေ့ရှိရန် ကောင်းကင်ဘုံရှိအာကာသ၏ ဆက်နွယ်မှု ထဲတွင် နစ်မြုပ်သွားခဲ့သည်။ ကျွန်ုပ်၏ရှာပုံတော်မှာ မျှော်မှန်းသည်ထက်ပိုသည့်အပြင် ယခု ဤစာအုပ်ငယ်ဖြစ်ပေါ်လာစေရန် အကြောင်းရင်းဖြစ်စေခဲ့ပါသည်။ ကျွန်ုပ်သည် လူ့သားများ၏ လက်တွေ့ဘဝကို လေ့လာရာမှ အောင်မြင်သောဆက်ဆံရေး၏ လျှို့ဝှက်ချက်ကို ရှာဖွေတွေ့ရှိ ခဲ့ပါသည်။ ၎င်းအဖြေမှာ စစ်မှန်၍ရိုးရှင်းလှသောကြောင့် ကျွန်ုပ်အနေဖြင့်အံ့အားသင့်မိပါသည်။

---

[3] Darkness to Light. End Sexual Abuse. www.d2l.org – figure released Aug 2013.

[4] http://family.adventist.org/home---divorce-and-remarriage-in-the-seventh-day-adventist-church.html



ဤနိယာမများအပေါ်အခြေခံ၍ လက်တွေ့စမ်းသပ်မှု များစွာကိုပြုလုပ်ခဲ့ရာ အံ့သြဖွယ်ကောင်းသော ရလဒ် များကိုရရှိခဲ့ပါသည်။

နိဒါန်းအနေဖြင့် ကျွန်ုပ်တို့ရရှိသော ဘဝအသက်တာ ဖြစ်စဉ်ကိုသုံးသပ်ကြည့်ကြပါစို့။ ဖခင်သည် သူ၏မျိုးစေ့ ကို မိခင်ထံလွှဲပြောင်းပေးသည်။ သူမ၏သားအိမ်တွင် ကလေးကို ကြီးထွားစေပြီးနောက် ကလေးကိုမွေးဖွား သည်။ ကျွန်ုပ်တို့ဖခင်၏ တက်ကြွသော မျိုးဆက်အရင်း မြစ်နှင့် ကျွန်ုပ်တို့မိခင်၏ လက်ခံယူပြီး ပြုစုပျိုးထောင် ပေးခြင်းလမ်းစဉ်ကြောင့် ဤအံ့ဖွယ်သော ဖန်ဆင်းခြင်း အခြေခံနိယာမတရားကို ကျွန်ုပ်တို့ ထိုးထွင်းသိမြင်ရ သည်။ ဤမူလဖြစ်စဉ်နှင့် ၎င်းဖြစ်စဉ်လမ်းကြောင်း၏ သဟဇာတ ပေါင်းစည်းမှုကြောင့် အသက်ကို ဖြစ်စေသည်။ ဤရိုးရှင်းသော အခြေခံနိယာမတရား၏ ကျယ်ပြန့်မှုနှင့် ကျွန်ုပ်တို့၏ ဘဝလက္ခဏာ ရှုထောင့်တိုင်း၌ ၎င်း၏သက်ရောက်မှုများသည် ဤစာအုပ်ငယ်၏အဓိက အကြောင်းအရာဖြစ်သည်။ ကျွန်ုပ်တို့ ဘဝခရီးစဉ်၏တစ်စိတ်တစ်ပိုင်း အနေဖြင့် ကျွန်ုပ်တို့သည် ဤဘဝအသက်တာပုံစံ၏ စစ်ပွဲတွင် အခြားနိယာမတစ်ခုကို တွေ့ရှိရပါလိမ့်မည်။ သို့သော် ဤသဟဇာတရှိခြင်းကို ရှုပ်ထွေးပျက်ပြားစေသည့် အဖျက်တရားသည် ဝမ်းနည်းမှု၊ စိတ်ရှုပ်ထွေးမှုနှင့် သေခြင်းတရားတို့ကို ယူဆောင်လာစေသည်။

နယူတန်၏ လောကဆိုင်ရာရှုထောင့်မှ စဉ်းစားမိသောအရာ၏ အစိတ်အပိုင်းဖြစ်သော ကောင်းကင် တန်ဆာများသို့ ပြန်လှည့်ကြပါစို့။ နေ၊ လ၊ ကမ္ဘာမြေကြီးတို့၏ တစ်ခုနှင့်တစ်ခု ဆက်စပ်နေပုံကို စဉ်းစားရင်း အလင်း၊ ဆွဲငင်အားနှင့် ဒီရေနှုန်းတို့သည် ဤကောင်းကင်တန်ဆာများနှင့်လည်း ဆက်စပ်နေပုံကို စဉ်းစားကြည့်ကြပါစို့။

# အခန်း ၃

# နေကိုဝတ်ဆင်၍ လပေါ်မှာ ရပ်နေခြင်း

ဒီရေတက်လာသည့်အခါ နိုဗာစကိုထီးယားနိုင်ငံရှိ မီနားစ်မြစ်ဝှမ်း၏အစွန်းတွင် မတ်တပ်ရပ်ပါ။ ကမ္ဘာ့ဒီရေအတက်အကျဖြစ်ပေါ်စေသည့် ၎င်းမြစ်ဝှမ်းအတွင်းသို့ ရေတန်ချိန်(၁၄)ဘီလီယံစီးဆင်းနေရာ ထိုနေရာတွင်“လ၏အသံ” ဟုခေါ်သောအသံကို သင်ကြားရပါလိမ့်မည်။ နေ၊ လနှင့် ဒီရေများကြားရှိ မြေထုဆွဲအားဆက်စပ်မှုကို နယူတန်က ဖရင်(န်)စီဖိယာ့ *(Principia)* စာစောင်တွင် ရေးသားထုတ်ဝေသည့်အထိ ကမ္ဘာကသတိမပြုမိသေးပေ။[5]သင်္ဘောသားများသည် ပင်လယ်ရေကြောင်း အောင်မြင်စွာ သွားလာနိုင်ရန်အတွက် ဒီရေများ၏လှုပ်ရှားမှုကို သတိပြုမိဖို့ရန်အရေးကြီးသည်။ လ၏ မြေထုဆွဲအား သက်ရောက်မှုများကို သိရခြင်း၏အကျိုးကျေးဇူးများသည် အတိတ်ကသင်္ဘောသားများကိုသာ ကူညီခဲ့သည်မဟုတ်ပေ။ မကြာသေးမီက အကောင်းဆုံးလှိုင်းတံပိုးများသည် လဆန်းနှင့်လပြည့်ညအချိန်တွင် ရောက်လာသည်ကို စိတ်အားထက်သန်သော လှိုင်းစီးသမားမိတ်ဆွေတစ်ဦးထံမှ ကျွန်တော် လေ့လာခဲ့သည်။ ဤဖြစ်စဉ်ကို နွေဦးဒီရေအဖြစ် ရည်ညွှန်းသည်။

> လပြည့် သို့မဟုတ် လဆန်းရောက်သောအခါ လနှင့်နေ၏မြေထုဆွဲငင်အားကို ပေါင်းစပ်လိုက်သည်။ ထိုအချိန်တွင်ဒီရေသည် တက်လျှင်အလွန်တက်ပြီး၊ ကျလျှင်အောက်ဆုံးထိကျလာသည်။ ဤအရာကို နွေဦးဒီရေဟုခေါ်သည်။ အထူးသဖြင့်နွေဦးဒီရေသည် ရေစီးသန်သည် (နွေဦးရာသီနှင့်ဆက်စပ်မှုမရှိပါ)။ ကမ္ဘာမြေကြီး၊ နေနှင့်လတို့သည် လမ်းကြောင်းတစ်ခုတည်းတွင် ရှိနေသောအခါ ယင်းတို့ဖြစ်ပေါ်တတ်သည်။ နေနှင့်လ၏ဆွဲငင်အားသည် ဒီရေကို အထောက်အကူပြုသည်။ နွေဦးဒီရေသည် လပြည့်နှင့်လဆန်းကြားတွင် ဖြစ်ပေါ်သည်။[6]


နေ၊ လ နှင့် ကမ္ဘာကြီးတစ်ဖြောင့်တည်းရှိပါက ပိုမိုကြီးမားသောဒီရေများနှင့်၊ ပိုမိုအားပြင်းသော လှိုင်းများကို ဖြစ်စေသည့် ဆွဲအားကိုဖြစ်ပေါ်စေသည်။ နေ၏ဆွဲအားသည် လ၏ဆွဲအားထက် အဆပေါင်းများစွာသာသော်လည်း၊ လသည်ကမ္ဘာနှင့်သာ၍နီးသောကြောင့် ၎င်း၏ဆွဲငင်အားသည်

---

[5] http://www.thehighesttides.com/what-causes-the-highest-tides.shtml

[6] http://home.hiwaay.net/~krcool/Astro/moon/moontides/

နေ၏ဆွဲငင်အားထက် နှစ်ဆသာ၍ ကမ္ဘာပေါ်သို့သက်ရောက်ပါသည်။ နွေဦးဒီရေများ၏သော့ချက်သည် နေ၊ လနှင့် မြေကြီး၏ ဆက်နွယ်မှု ဖြစ်သည်။




ခန့်မှန်းခြေအရနှစ်ပတ်တစ်ကြိမ် ဒီရေများ၏စီးဆင်းမှုသည် ဒီရေအတွင်းဖျားနှင့်ပင်လယ်နေသက်ရှိများ အပေါ်ကြီးမားသောအကျိုးသက်ရောက်မှုရှိသည်။အကယ်၍လပြည့်ကျော်၄-၆ရက်ကြားတွင် (မည်သည့်လမဆို)သင်သည် ဩစတြေးလျနိုင်ငံ ကွီးလန်းမြောက်ပိုင်းကမ်းခြေတွင် ရေကူးပါက အလွန်ကြီးမားသော သန္တာကျောက်တန်းကြီးပေါ်တွင် ကမ္ဘာဂြိုဟ်ပေါ်အကြီးမားဆုံး အစုလိုက် အပြုံလိုက် မျိုးပေါက်ပွားသည့်ဖြစ်ရပ်ကို သင်မြင်ရလိမ့်မည်။ ဒီရေလျော့ကျလာသောအခါ သန္တာကျောက်ပေါက်ပွားသည်(မည်သည့်ဒီရေဖျားလှုပ်ရှားမှု ဦးတည်ချက် မျှမရှိ)။ ငါးမျိုးဥများမှာ လုံခြုံရာရေပြင်သို့ရောက်အောင် တွန်းပို့ရန်အားကြီးသောဒီရေကို လိုအပ်သည်။[7]


သို့သော် လ၏စက်ဝိုင်းပုံစံလည်ပတ်မှုများသည် ကျောရိုးရှိသတ္တဝါများ သန္ဓေတည်ခြင်းနှင့် မိန်းမများ ကိုယ်ဝန်ဆောင်ခြင်းကာလ(သို့) ရာသီလာခြင်းများကိုလည်း အကျိုးသက်ရောက်သည်။[8] ထို့ကြောင့် ကလေးမွေးဖွားခြင်း၊ မျိုးပွားခြင်းနှင့် လ၏သံသရာလည်ပတ်မှုတို့အကြား ဆက်နွယ်မှုအချို့ရှိ ကြောင်းဖော်ပြရန် အထောက်အထားသက်သေများ ဖြစ်သည်။

သဘာဝတရား၏ ဒီရေအတက်အကျများမှ တစ်စုံတစ်ရာကို ကျွန်ုပ်တို့သင်ယူနိုင်ပါသလား။ နေနှင့် လတို့၏ ကမ္ဘာမြေနှင့်ဆက်နွယ်မှုသည် ကျွန်ုပ်တို့၏ဝိညာဉ်ရေးရာဆက်နွယ်မှု၏လျှို့ဝှက်ချက်ကို ပိုင်းခြားသိမြင်ရန် အဓိကအချက်ကို ပေးနိုင်ပါသလား။ ကိုယ်ကာယပိုင်းဆိုင်ရာ ဘဝ၏အောင်မြင်မှုနှင့် မျိုးပွားနိုင်မှုအကြောင်း သင်သိကျွမ်းခြင်းမှ ကမ္ဘာမြေနှင့်သက်ဆိုင်သော နေနှင့်လ၏စည်းချက်သံသရာ ကို သိရှိနိုင်ပါလျှင် ဝိဉာဏဘုံနှင့်ဆိုင်သောသင်ခန်းစာများကိုလည်း သင်ယူစရာရှိနိုင်ပါမည်လား။

---

[7] http://www.greatbarrierreefs.com.au/coral-spawning/
[8] https://en.wikipedia.org/wiki/Tide#Biological_rhythms

ထိုဦးတည်ချက်ကို မသွားခင်နေ၊ လ၊ ကမ္ဘာတို့၏ အခြားသောစိတ်ဝင်စားဖွယ်ဆက်နွယ်မှုတစ်ခုကို စဉ်းစားကြပါစို့။ လသည် ကိုယ်ပိုင်အလင်းမရှိ။ ၎င်းသည် အလင်းပေးခံရသောပုဂ္ဂိုလ်ဖြစ်သည်။ လ၏အလင်း အားလုံးသည် နေမှရောင်ပြန်ဟပ်မှုကြောင့် ဖြစ်သည်။ နေသည် ကိုယ်ပိုင်အလင်းရှိပြီး ၎င်းသည်ကိုယ်ပိုင်အလင်းဖြင့်အလုပ်လုပ်သည်။လသည်နေမှအလင်းကိုရရှိပြီးကိုယ်ပိုင်အလင်းမဟုတ်သည့် အရာ နှင့် အလုပ် လုပ်သည်။အလင်းပေးနိုင်သောနေနှင့်အပေးခံရသောလသည် ကမ္ဘာမြေပေါ်တွင် စည်းချက် ညီညီ အတူတကွ ဖန်တီးလုပ်ဆောင်ကြသည်။ တဖန်၊ နေနှင့် လတို့၏ ဆက်စပ်မှုမှ





ဝိညာဉ်ရေးလောကရှိ ဘဝအသက်တာ၏ စည်းချက်အကြောင်းကို ကျွန်ုပ်တို့အား ပြောပြနေသော သင်ခန်းစာများ ရှိပါသလား။

နေကို တိုက်ရိုက်ကြည့်ဖို့ကြိုးစားသောအခါ ဘာဖြစ်မည်ကို သင်စဉ်းစားပါ။ နေ၏အလင်းတောက်ပမှုကို စက္ကန့်အနည်းငယ်ထက် ပို၍မကြည့်နိုင်ပါ။ နေကို တိုက်ရိုက်ကြာရှည်ကြည့်ခြင်းဖြင့် သင်၏အမြင်အာရုံကို ပျက်စီးစေသည်။ နေရောင်ခြည်ကိုကြည့်ရန် နည်းလမ်းများရှိပါသလား။ မှန်ပါသည်။ လကို တိုက်ရိုက်ကြည့်ခြင်းအားဖြင့် နေ၏ အလင်းကို ကျွန်ုပ်တို့ကြည့်ရှုနိုင်ပြီး၊ ကျွန်ုပ်တို့၏ မျက်စိပျက်စီးခြင်း အန္တရာယ်ကိုရှောင်ရှားနိုင်သည်။ နေမှ ဖြစ်ပေါ်လာသောအလင်းသည် လကိုဖြတ်သန်းပြီး အန္တရာယ်ကင်းစွာ ကျွန်ုပ်တို့ထံသို့ ပို့ဆောင်ပေးပါသည်။ "ဤအရာသည် အဓိပ္ပာယ်ရှိပါသလား" ဟု မေးခွန်းထုတ်စရာဖြစ်လာသည်။ နေ၏အကျိုးသက်ရောက်မှုသည် သက်ရှိအားလုံးအတွက် အရေးကြီးလှပါသည်။ ၎င်း၏ရောင်ခြည်များက ကျွန်ုပ်တို့ကို နွေးထွေးမှုနှင့်အလင်းရောင်ပေးပြီး ကမ္ဘာဂြိုဟ်၏ မျိုးပွားမှုတွင် အဓိကအခန်းကဏ္ဍမှလည်း ပါဝင်လုပ်ဆောင်ပေးသည်။ သို့သော်လည်း နေကို မထီမဲ့မြင်ပြုပါက ကျွန်ုပ်တို့ကိုအန္တရာယ်ဖြစ်စေနိုင်သည်။ ဤအရာတွင်လည်း ကျွန်ုပ်တို့ သင်ယူရမည့်အရာများ ရှိပါသလား။


ရှေးတမန်တော်ရှင်ယောဟန်သည် မြေထဲပင်လယ်အတွင်းရှိပတ်မုတ်ကျွန်းပေါ်တွင် နေထိုင်ခဲ့စဉ်၊ သူသည် ဗျာဒိတ်ရူပါရုံ၌ အလွန်အံ့ဩဖွယ်အဖြစ်တစ်ခုကို မြင်ခဲ့ရသည်။



ကောင်းကင်၌ကြီးစွာသော နိမိတ်လက္ခဏာပေါ်မူကား၊ မိန်းမတဦးသည်နေကိုဝတ်လျက်၊လကိုခြေဖြင့်နင်းလျက် မိမိခေါင်းပေါ်၌ ကြယ်ဆယ့်နှစ်လုံးဖြင့်ပြီးသော သရဖူကို ဆောင်းလျက် ပေါ်လာ၏။ (ဗျာဒိတ်ကျမ်း ၁၂း၁)

ယောဟန်သည် နေ၊ လ၊ ကြယ်များနှင့် အမျိုးသမီး တစ်ဦးတို့အကြား ဆက်နွယ်မှုကိုဖော်ပြခဲ့သည်။ သူမသည် လပေါ်မှာ မတ်တတ်ရပ်နေသည်။ ၎င်းသည် သူမ၏အခြေခံအုတ်မြစ်ဖြစ်သည်။ သူမသည် နေ၏ အလင်းကိုဝတ်ထားပြီး သူမ၏ဦးခေါင်း၌ကြယ် တစ်ဆယ့်နှစ်လုံး၏အလင်းရှိသည်။ သူမသည်နေ၊ လ နှင့် ကြယ်တို့၏သံသရာများ၊ အချိန်သတ်မှတ်ချက် များနှင့် လုံး၀ကိုက်ညီမှုရှိပုံပေါ်ပြီး သူမနှင့်၎င်းနက္ခ တာရာတို့၏ ဆက်နွယ်မှုကိုလည်း သတိပြုမိစေသည်။ ဗျာဒိတ်ကျမ်းသည် ၀ိဉာဉ်ရေးရာအကြောင်းအရာများ ၏ အဓိကစာအုပ်တစ်အုပ်ဖြစ်သောကြောင့် အလွန် အရေးကြီးသည်မဟုတ်ပေလော။ ဤမေးခွန်းကိုမဖြေမီ ကျွန်ုပ်တို့မေးရန်လိုအပ်သည်မှာ၊“သမ္မာကျမ်းစာ၏ ရေးသားချက်များကို ၀ိညာဉ်ရေးရာတွင် အမှန်တကယ် ယုံကြည် အားထားရသော လမ်းညွှန်တစ်ခုအဖြစ် ကျွန်ုပ်တို့ ကိုးစားနိုင်ပါသလား။”

# အခန်း ၄
# ဝိညာဉ်ရေးဆိုင်ရာ မြေပုံနှင့် လမ်းညွှန်



ရောမမြို့ဝန်ပိလတ်မင်းသည် ယုဒပြည်၌ သူ၏တရားစီရင်ခန်းမတွင် ရုံးတင်စစ်ဆေးရစဉ် သူ့ရှေ့တွင် လူအများ၏မျက်နှာကို လေ့လာခဲ့သည်။ သို့သော် ဤလူ၏မျက်နှာသည် အခြားသူများနှင့်မတူ အလွန်ခြားနားကြောင်း သူတွေ့ခဲ့သည်။ အပြင်ဘက်တွင် လူအုပ်ကြီးသည် ထိုလူကိုအဆုံးစီရင်ရန် အော်ဟစ်နေသော်လည်း သူ့မျက်လုံးများတွင်လုံးဝကြောက်ရွံ့ပုံမပေါ်ချေ။ ပိလတ်မင်းသည် မာကျောသောရာဇဝတ်သားတစ်ဦး၏မျက်နှာနှင့် အကျွမ်းတဝင်ရှိနှင့်ပြီးဖြစ်သော်လည်း ယခုသူ့ရှေ့၌ ရပ်နေသောသူသည် သူတို့ထဲမှတစ်ဦးမျှမဟုတ်ကြောင်း သူသိနေသည်။ သူ၏ မြင့်မြတ်သောသွင်ပြင်နှင့် အေးဆေးတည်ငြိမ်၍ နူးညံ့သိမ်မွေ့သောအကြည့်သည် တရားသူကြီးကို စိတ်ဝင်စားစေခဲ့သည်။ ထိုသူသည် လောကီနိုင်ငံရေး၊ အောင်ပွဲခံခြင်းနှင့် စစ်ပွဲများ၏တစ်ဖက်ကမ်းတွင် ရှိသော ဤကမ္ဘာထက် သာလွန်သောနိုင်ငံတစ်နိုင်ငံအကြောင်းကို ပြောခဲ့သည်။ သူသည် ကာလကြာမြင့်စွာကတည်းက ဂျူးလူမျိုးတို့မျှော်လင့်နေခဲ့သော ၏မေရှိယ ဟူသောအမည်အောက်တွင် ရောမအစိုးရကို ဆန့်ကျင်ရန် ကြံစည်သည်ဟု စွပ်စွဲခံခဲ့ရသူဖြစ်သည်။

> ပိလတ်မင်းကလည်း၊ သို့ဖြစ်လျှင် သင်သည် ရှင်ဘုရင်မှန်သလောဟုမေးသော် ယေရှုက၊ မင်းကြီးမေးသည်အတိုင်း ငါသည် ရှင်ဘုရင်မှန်၏။ သမ္မာတရားဘက်၌ သက်သေခံခြင်းငှါ ငါသည် မွေးဘွားခြင်းကိုခံ၍ ဤလောကသို့ ကြွလာပြီ။ သမ္မာတရားနှင့် စပ်ဆိုင်သမျှသောသူတို့သည် ငါ့စကားကို နားထောင်ကြသည်ဟု မိန့်တော်မူ၏။ ရှင်ယောဟန် ၁၈း၃၇

သမ္မာတရားကို သက်သေခံသော ရှင်ဘုရင်ရှိနိုင်ပါမည်လား။ မည်သည့်ဘုရင်က အမှန်တရားကို သက်သေခံခဲ့သနည်း။ ဘုရင်များသည် ပုံမှန်အားဖြင့် စစ်၊ လှည့်စားမှု၊ ခြယ်လှယ်ခြင်းနှင့် အစွမ်းခွန်အားများဖြင့် သူတို့၏ တန်ခိုးအာဏာကိုရယူထိန်းသိမ်းကြသည်။ ထို့နောက် ပိလတ်မင်းသည်

အရေးကြီးသောမေးခွန်းတစ်ခုကိုမေးခဲ့သည်။“သမ္မာတရားကားအဘယ်နည်း။”တစ်နည်းအားဖြင့်ဆိုရလျှင်“သမ္မာတရားကိုကျွန်ုပ်တို့မည်သို့သိနိုင်မည်နည်း”ဟုမေးမြန်းခဲ့ခြင်းဖြစ်ပါ သည်။

စဉ်းစားတွေးခေါ်သူတိုင်းသည် အသက်ရှင်ခြင်း၊ သေခြင်းနှင့်ဆိုင်သောအမှန်တရားများမှာ တစ်နေရာရာသို့မဟုတ် တစ်စုံတစ်ဦး ထံတွင်ရှိသည်ဟု သူတို့ယုံကြည်စိတ်ချထားကြသည်။ လူအများစုအတွက် ၎င်းအရင်းအမြစ်သည် သူတို့၏ကိုယ်ပိုင်စိတ်သာဖြစ်သည်။ သူတို့၏မြင်တွေ့ခြင်း၊ ကြားနာခြင်း၊ အတွေ့အကြုံနှင့်လေ့လာမှုသည် အမှန်တရားကိုဆုံးဖြတ်ရန်အတွက် လုံလောက်သည်။ ၎င်းတို့နားလည်တတ်သိထားသောအရာများသည် မည်သည့်နည်းနှင့်မျှ မမှားနိုင်ဟု သူတို့ယုံကြည်ကြသည်။

မိဘများ၏နှိုက်နှိုက်ချွတ်ချွတ်မေးခွန်းများအား သားသမီးတို့ မည်သို့တုံ့ပြန်ပုံကို ကြည့်ခြင်း အားဖြင့် ကျွန်ုပ်တို့သည်အမှန်တရားကို မိမိအခြေအနေနှင့်ကိုက်ညီအောင် လှည့်ပတ်ပြောဆိုတတ်ကြသည့် လူ့သဘောသဘာဝကိုတွေ့ရသည်။ အခြားဥပမာတစ်ခုအနေဖြင့် မိမိတို့အားမီဒီယာများမှ တိုက်ခိုက်လာမည့် မေးခွန်းများကို ဖြေဆိုရန်ရှောင်ကြဉ်ကြသော နိုင်ငံရေးသမားမည်မျှရှိသနည်း။ ကျွန်ုပ်တို့ကို ကသိကအောင့်ဖြစ်စေသော အကြောင်းအရာများအား ရှောင်ရှားရန်လုပ်လေ့လုပ်ထ ရှိလျှင် အမှန်တရားကို ရှာဖွေတွေ့ရှိရန် မိမိကိုယ်ကိုယုံကြည်နိုင်ပါမည်လား။

အခြားသောသူတို့မှာ ၎င်းတို့ဘိုးဘေးများထံမှ ရရှိခဲ့သောဓလေ့ထုံးစံများကိုသာ ယုံကြည်ကိုးစားကြသည်။ မိမိကိုယ်ကို သို့မဟုတ် ဘိုးဘေးများကို ပြည့်စုံသည့်အမှန်တရားအတွက် ကျွန်ုပ်တို့အဘယ်သို့ကိုးစားနိုင်မည်နည်း။ မိမိကိုယ်ကို ယုံကြည်၍မရနိုင်ကြောင်း ကျွန်ုပ်တို့သိလျှင်၊ ကျွန်ုပ်တို့ ဘိုးဘေးများကိုလည်း ယုံကြည်နိုင်ပါသလား။

လိမ်လည်လှည့်စားခြင်း၊ ချဲ့ကားခြင်း သို့မဟုတ် လျှော့တွက်ခြင်းစသည့် လူ့သဘောသဘာဝနှင့်အတူ ကျွန်ုပ်တို့သည် အမှန်တရားကို မည်သို့ရှာဖွေတွေ့ရှိနိုင်မည်နည်း။ ပိလတ်မင်းက “အမှန်တရားကား အဘယ်သို့နည်း”ဟုမေးခဲ့သည်။ ဤအချက်နှင့်ပတ်သက်၍ သူ့ရှေ့မှာအပြည့်အဝစစ်ဆေးခံနိုင်သောသူ တစ်ယောက်ရပ်နေခဲ့သည်။ သူက မိမိသည်သမ္မာတရားကို သက်သေခံရန်လာသည်ဟု ဆိုသောကြောင့်လည်းကောင်း၊ မိမိသည်မေရှိယဖြစ်သည် ဟုပြောဆိုချက်ကြောင့်လည်းကောင်း ပိလတ်မင်းအနေဖြင့် သူ့ကိုစမ်းသပ်ရန် လွယ်ကူခဲ့သည်။

> သင်တို့လည်း ငါ့ကိုအဘယ်သူဖြစ်သည်ဆိုကြသနည်းဟု မေးမြန်းတော်မူလျှင်၊ (၁၆)ရှိမုန်ပေတရုက၊ ကိုယ်တော်သည် ခရစ်တော်တည်းသော အသက်ရှင်တော်မူသော ဘုရားသခင်၏သားတော်ဖြစ်တော်မူသည်ဟု လျှောက်လေ၏။ (၁၇)ယေရှုကလည်း၊ ရှိမုန်ဗာယောန၊ သင်သည်မင်္ဂလာရှိ၏။ အကြောင်းမူကား၊ အသွေးအသားသည် ဤအကြောင်းအရာကို သင့်အားဘော်ပြသည်မဟုတ်။ ကောင်းကင်ဘုံ၌ရှိတော်မူသော ငါ့ခမည်းတော်သည်ဘော်ပြတော်မူသတည်း။ ရှင်မဿဲခရစ်ဝင် ၁၆း၁၅-၁၇

ယေရှုသည် မေရှိယနှင့်ပတ်သက်သော ဓမ္မဟောင်းကျမ်း၏ပရောဖက်ပြုချက်များကို ဖော်ပြတော်မူကာ မိမိသည်မေရှိယဖြစ်သည်ဟု ပြောဆိုခဲ့သည်။ ထိုပရောဖက်ပြုချက်အားလုံးသည် သခင်ယေရှု မတိုင်မီနှစ်ပေါင်းရာချီကတည်းက ရေးသားခဲ့ခြင်းသည်။

သူ၏မွေးဖွားခြင်းနှင့် ပတ်သက်သော ပရောဖက်ပြုချက်အနည်းငယ်ကိုသုံးသပ်ကြည့်ပါ။

> ရှိလော မရောက်မီတိုင်အောင်၊ ရာဇလှံတံသည် ယုဒထံမှ၎င်း၊ မင်းအာဏာသည် သူ၏အမျိုးအနွယ်ထံမှ၎င်း မရွေ့ရ။ ရှိလော၌ လူမျိုးတို့သည် ဆည်းကပ်ကြလိမ့်မည်။ ကမ္ဘာဦးကျမ်း ၄၉း၁၀။

မေရှိယသည် ယုဒအနွယ်မှဆင်းသက်လာမည်ဟု ဤပရောဖက်ပြုချက်တွင် ဖော်ပြထားသည်။

> အိုဗက်လင်ဖေရတ်မြို့၊ အစိုးရသော ယုဒမြို့တို့ တွင် သင်သည် မြို့ငယ်မြို့ယုတ်ဖြစ်သော်လည်း၊ ဣသရေလအမျိုးကို အုပ်စိုးရသော သခင်သည် ငါ့အဘို့ သင်၏ အထဲမှာ ပေါ်ထွန်းလတံ့။ ထိုသခင်သည် ရှေးကပ်ကမ္ဘာ မှစ၍ ပေါ်ထွန်းသော သခင်ဖြစ်၏။ မိက္ခာအနာဂတ္တိကျမ်း ၅း၂။

မေရှိယသည် ဗက်လင်မြို့၌မွေးဖွားလိမ့်မည်ဟုလည်း ဖော်ပြထားသည်။ ဣသရေလပြည်၌ ဗက်လင်အမည်ဖြင့် မြို့နှစ်မြို့ ရှိရာယေရှုမွေးဖွားမည့်နေရာကို ဗက်လင် ဖရတ်မြို့ဟု ဖော်ပြထားသည်။

မေရှိယပေါ်ထွန်းမည့်အချိန်ကို ကြိုတင်ဟောထားသော နောက်ထပ်ပရောဖက်ပြုချက်သည် အံ့ဩဖွယ်ဖြစ် သည်။ ဤပရောဖက်ပြုချက်အားဖြင့်သာ အရှေ့ပညာရှိများသည် မေရှိယမွေးဖွားခြင်း အကြောင်းကိုသိရှိပြီး လာရောက်ဖူးမျှော်ခဲ့ကြခြင်း ဖြစ်သည်။

> ထိုကြောင့်၊ ယေရုရှလင်မြို့ကိုတဖန် တည်ထောင်ပြုစုစေခြင်းငှါ၊ အမိန့်တော်ရှိသည် နေ့မှစ၍ ခရစ် တော်သခင်၏ လက်ထက်တိုင်အောင်၊ ခုနစ်သိတင်းနှင့် ခြောက်ဆယ်နှစ်သိတင်း ကြာလိမ့်မည်ဟု သိမှတ်နားလည်လော့။ အနှောင့်အရှက် ခံရသောကာလ၌ မြို့လမ်းကို တဖန် တည်ထောင်ပြုစုရ မည်ဟု စီရင်ဆုံးဖြတ်ခြင်းရှိ၏။
> (၂၆)ထိုသိတင်းခြောက်ဆယ်နှစ်သိတင်းလွန်ပြီးမှ ခရစ်တော်သည် အခွင့်မရဘဲ အသေသတ်ခြင်းကို ခံရလိမ့်မည်။...(၂၇)တသိတင်းတွင် လူအများတို့နှင့်ပဋိညာဉ် ဖွဲ့ ခြင်းရှိ၍ ထိုသိတင်းတဝက်တွင် ယဇ်ပူဇော်ခြင်းနှင့် ဆက်ကပ်ခြင်းကို ပပျောက်စေလိမ့်မည်။ ရွံ့ရှာဘွယ်သောအရာ၏ အထွဋ်ပေါ်သို့ ဖျက်ဆီးသောသူသည်ရောက်၍ စီရင်ဆုံးဖြတ်သော သုတ်သင်ပယ်ရှင်းခြင်းသည် ပျက်စီးအပ်သောသူတို့ကို မလွှမ်းမိုးမှီတိုင်အောင် ထိုသို့ဖြစ်လိမ့်မည်ဟု ကြားပြော၏။ ဒံယေလ ၉း၂၅-၂၇။

ဤအရာများသည် မေရှိယနှင့်ပတ်သက်သောပရောဖက်ပြုချက်များစွာမှ အနည်းငယ်မျှသာဖြစ်သည်။ ယေရှုခရစ်တော်သည် ထိုပရောဖက်ပြုချက်အားလုံးအား မည်သို့ပြည့်စုံစေခဲ့သည်ကို ကျမ်းစာတွင် သင်အနည်းငယ်သုတေသနပြုပါက အံ့ဩဖွယ်ကောင်းလောက်အောင် တိကျသောအချက်များကို သင်တွေ့ရှိလိမ့်မည်။ ထိုပရောဖက်ပြုချက်များစွာထဲမှ ၄၈ ချက်သည် လူတစ်ဦးအားဖြင့်ပြည့်စုံသွားခဲ့ကြောင်း စာရေးသူတစ်ဦးမှ တွက်ချက်မှတ်တမ်းတင်ခဲ့သည်။[9] ရလဒ် မှာ ၁:၁၀^၁၅၇ ဖြစ်သည်။

တစ်နည်းအားဖြင့်-

၁၀၀၊၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊
၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊၀၀၀၊၀၀

တွင် ၁ ဖြစ်သည်။

[9] Evidence that Demands a verdict, Josh McDowell (1972) p.167



နှိုင်းယှဉ်ကြည့်လျှင်၊ ၁၀$^{၁၅၇}$ သည် စကြဝဠာတွင် ခန့်မှန်းထားသောပရိုတွန်များ၏အရေအတွက် ဖြစ်သည်။

နောက်ဥပမာတစ်ခုအနေဖြင့် ကမ္ဘာပေါ်ရှိသဲအားလုံးမှ သဲတစ်ပွင့်ကိုရှာဖွေရန် ကြိုးစားခြင်း နှင့်တူနေသည်။ ၁၀$^{၁၇}$ တွင်မူ ဘယ်အရာများပါဝင်မည်ကို စဉ်းစားကြည့်ပါ။ ၎င်းသည် ပြင်သစ်နိုင်ငံကို ၆၀ စင်တီမီတာထူသည့် ယူရိုဒင်္ဂါးတစ်ပြားဖြင့် ဖုံးအုပ်ထားသကဲ့သို့ဖြစ်သည်။ အကြွေစေ့တစ်စေ့ကို အမှတ်အသားပြုပြီး အခြားအကြွေစေ့များနှင့်ရောမွှေလိုက်ပါ။ ထို့နောက် မျက်စိကန်းသောသူအား ထိုအကြွေစေ့ကိုရှာခိုင်းကြည့်ပါက ဖြစ်နိုင်ပါမည်လား။ မေရှိယနှင့်ပတ်သက်သော ပရောဖက်ပြုချက်များလည်း ထိုနည်းလည်းကောင်းဖြစ်သည်။

ဒံယေလကျမ်းတွင် တိကျစွာပြည့်စုံခဲ့ပြီးဖြစ်သော ကမ္ဘာ့နိုင်ငံများပေါ်ပေါက်-ကျဆင်းခြင်းနှင့် ပတ်သက်သောပရောဖက်ပြုချက်များကို အခြားသောပရောဖက်ပြုချက်များတွင်လည်းတွေ့ရှိနိုင်သည်။ အချို့က ဤပရောဖက်ပြုချက်များသည် မဖြစ်နိုင်ဟုမယူဆဘဲ ဖြစ်ရပ်များအပြီးတွင်သာ ရေးသားခဲ့ခြင်းဖြစ်သည်ဟု ကောက်ချက်ချကြသည်။



၁၉၄၆ ခုနှစ်နောက်ပိုင်းတွင် ရှာဖွေတွေ့ရှိခဲ့သောပင်လယ်သေ ကျမ်းလိပ်များတွင် ဓမ္မဟောင်းအကြောင်းအရာများစွာပါဝင်ပြီး ၎င်းတို့တွင် ခရစ်တော်မတိုင်မီ အနည်းဆုံး ၃ ရာစုတွင်ပြုစုသည့်ရက်စွဲများပါဝင်သည်။ သူတို့သည် ဤပရောဖက်ပြုချက်များကို ယေရှုမကြွလာခင် အနည်းဆုံး နှစ်ပေါင်းနှစ်ရာ လောက်တွင် ရေးသားခဲ့ ကြသည်။
ဤဖြစ်နိုင်ချေအဆင့်ကို သမိုင်းတွင်မည်သူကမျှ နောက်ကြောင်းပြုထားခြင်းမရှိသလို အနာဂတ်ကို ကြိုတင်ဟောကိန်းထုတ်ရာ၌ သမ္မာကျမ်းစာကဲ့သို့ မည်သည့်စာအုပ်ကမျှ အသေးစိတ်မဖော်ပြနိုင်ပါ။ ထို့ကြောင့် သခင်ယေရှုနှင့်ပတ်သက်သော ပရောဖက်ပြုချက်များမှတဆင့် သမ္မာကျမ်းစာ၏ တိကျမှန်ကန်မှုကို လက်တွေ့စမ်းသပ်ရန် သင့်အားကျွန်ုပ်ဖိတ်ခေါ်ပါသည်။ အကယ်၍ သင်သည်ယူကြုံး

(YouTube)ကိုကြည့်ရှုနိုင်ပါက"ယေရှုအကြောင်းသမ္မာကျမ်းစာပရောဖက်ပြုချက်(သို့) အခြားသူတစ်ဦးပေလော" ဟူသည့်ဒေါက်တာဝေါ့လ်တာဗင်းထ်၏တင်ဆက်မှုအစီစဉ်ကို ကြည့်ပါ။ [10]

မေရှိယပြောကြားခဲ့သောအရာများသော်လည်းကောင်း၊ သူနှင့်ပတ်သက်၍ပရောဖက်ပြုချက်များကို သော်လည်းကောင်း လေ့လာခြင်းသည် ကျွန်ုပ်တို့အတွက် အလွန်အဖိုးထိုက်ပေသည်။ ကျွန်ုပ်တို့ ယခုအချိန်အထိ ရှာဖွေတွေ့ရှိသောအကြောင်းအရာများနှင့်အတူ ဤအသက်တာပုံစံအကြောင်း သမ္မာကျမ်းစာထဲတွင် ကျွန်ုပ်တို့အား မည်သို့ရှင်းပြထားသည်ကို ယခုကြည့်ရှုကြပါစို့။

[10] https://www.youtube.com/watch?v=gdXbT5cII7U

# အခန်း ၅

## ဘုရားသခင့် စံပုံစံညွှန်း

ပိလတ်မင်းသည် ယေရှုကို သမ္မာတရားဆိုသည်မှာအဘယ်နည်းဟူသည့် အရေးကြီးသောမေးခွန်းတစ်ခု မေးခဲ့သည်။သူ့အနေဖြင့် စောင့်ဆိုင်းခဲ့ပါက ဤအဖြေစကားကို ရကောင်းရလိမ့်မည်။ "ယေရှုက၊ ငါသည်လမ်းခရီးဖြစ်၏။ သမ္မာတရားကိုလည်းဖြစ်၏။ အသက်လည်းဖြစ်၏။ ငါ့ကိုအမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့မရောက်ရ။" ယောဟန်၁၄း၆။ သခင်ယေရှုသည် ခမည်းတော်နှင့် ၎င်း၏ဆက်နွယ်မှုကို အထက်ပါအတိုင်းဖော်ပြသည်။ သူ(သမ္မာတရား)သည် ခမည်းတော်ထံသို့သွားသောလမ်းဖြစ်သည်။ သူ၏တပည့်တော်များနှင့် စကားပြောသောအခါ တပည့်တော်များအား ယေရှု မေးခဲ့သည်မှာ-

> သင်တို့လည်း ငါ့ကိုအဘယ်သူဖြစ်သည် ဆိုကြသနည်းဟု မေးမြန်းတော်မူလျှင်၊ (၁၆) ရှိမုန်ပေတရုက၊ ကိုယ်တော်သည် ခရစ်တော်တည်းဟူသော အသက်ရှင်တော်မူသော ဘုရားသခင်၏သားတော် ဖြစ်တော်မူသည်ဟု လျှောက် လေ၏။ (၁၇) ယေရှုကလည်း၊ ရှိမုန်ဗာယောန၊ သင်သည် မင်္ဂလာရှိ၏။ အကြောင်းမူကား၊ အသွေးအသားသည် ဤအကြောင်းအရာကို သင့်အား ဘော်ပြသည်မဟုတ်။ ကောင်းကင်ဘုံ၌ ရှိတော်မူသော ငါ့ခမည်းတော်သည် ဘော်ပြတော်မူသတည်း။ ရှင်မဿဲ ၁၆း၁၅-၁၇။

ပိလတ်မင်း၏မေးခွန်းအတွက် အဖြေမှာ သခင်ယေရှုသည် သမ္မာတရားဖြစ်ကြောင်းနှင့် ယေရှုကိုယ်တော်တိုင်သည် ခမည်းတော်ထံသို့သွားသောလမ်းဖြစ်သည် ဟူသောအချက်ဖြစ်သည်။ ဤအရာသည် ဘုရားသခင်၏စံညွှန်းတော်ဖြစ်ပြီး၊ ပေါလုသည် ကောရိန္သုမြို့သားများထံပို့သည့် ပထမစာစောင်တွင် ဤစံညွှန်းတော်ကို ရှင်းပြပေးခဲ့သည်။

> အကြင်ဘုရားသခင်အထံက ခပ်သိမ်းသောအရာဖြစ်၍၊ အကြင်ဘုရားသခင်အဘို့အလိုငှါ ငါတို့သည်ဖြစ်ကြ၏။ ထိုခမည်းတော်ဘုရားသခင်တပါးတည်းသာ ငါတို့၌ ရှိတော်မူ၏။ အကြင်သခင်အားဖြင့် ငါတို့မှစ၍ ခပ်သိမ်းသောအရာဖြစ်ကြ၏။ ထိုသခင်ယေရှုခရစ်တပါးတည်းသာ ငါတို့၌ ရှိတော်မူ၏။ ၁ကော ၈း၆။

ဤစံညွှန်းတော်ကိုခမည်းတော်နှင့်ယေရှုခရစ်၏နာမတော်များ၌တွေ့ရှိရပါသည်။

| ဖြစ်တည်ခြင်း | စံညွှန်းတော် | အနက်ဖွင့်ခြင်း (အသုံးများသောဝေါဟာရများမှ) |
|---|---|---|
| ခမည်းတော် | **ἐκ**<br>ဘယ်သူ့၏<br>(ထံမှ) | **ek, ex -**<br>မူလအရင်းအမြစ်ကိုရည်ညွှန်းထားသည့်အသုံးအနှုန်း |
| ယေရှုခရစ်တော် | δια<br><br>ဘယ်သူ့အားဖြင့် | **dia** ***dee-ah'*** **-** *ပုဂ္ဂိုလ်တစ်ဦး၏လုပ်ဆောင်ချက်* |

စကြဝဠာ၏ ဆက်သွယ်ရေးအုတ်မြစ်သည် **ἐκ**→δια (သို့) အင်္ဂလိပ်လို ဘယ်သူ့၏ နှင့် ဘယ်သူ့အားဖြင့်ဟူသောစကားလုံးဖြစ်သည်။ ခမည်းတော်သည် အဘယ်အရာ၏မူလအစ ဖြစ်သနည်း။ "အရာခပ်သိမ်း ဖြစ်သည်။" ယေရှုခရစ်သည် အဘယ်အရာ၏ဇာတ်ကြောင်း ဖြစ်သနည်း။ "အရာခပ်သိမ်းဖြစ်သည်။" ဤတွင်ကျွန်ုပ်တို့သည် အသက်ရှင်ခြင်းနှင့်ဆိုင်သော အရာခပ်သိမ်း၏

စကြ်ဝဠာဆိုင်ရာ ဆက်နွယ်မှုနိယာမကို တွေ့ရသည်။ ကျွန်ုပ်တို့သည်အသက်တာအတွက် ζωη ဂရိစကားလုံးဖြင့် ဤသို့ဖော်ပြနိုင် သည်။

**ἐκ** → δια **= ζωη**

**မူလဇစ်မြစ်→ ဇာတ်ကြောင်း = အသက်**



လူသားများသည် အသက်ကို မည်သို့ရရှိကြသည်ကို ထပ်မံသတိရပါ။ ဖခင် (**ἐκ** ဇစ်မြစ်) သည် သူ၏မျိုးစေ့ကို မိခင် (δια ဇာတ်ကြောင်း) ထံသို့ လွှဲပြောင်းပေးပြီး အသက်ကို ဖြစ်စေသည်။ ဤအရာသည် ကမ္ဘာဦးကျမ်းတွင် ဖော်ပြထားသော အသက်၏ မူလအစ လျှို့ဝှက်ချက်ဖြစ်သည်။

> ထိုအခါ ထာဝရအရှင်ဘုရားသခင်သည် လူကို ကြီးသောအိပ်ခြင်းဖြင့် အိပ်စေတော်မူ၍၊ လူသည် အိပ်ပျော်စဉ်၊ နံရိုးတချောင်းကို ဘုရားသခင်ထုတ်ပြီးလျှင်၊ ထိုအရိုး အစားအသားကို စေ့စပ်စေတော်မူ၏။ ထာဝရအရှင်ဘုရားသခင်သည် လူထဲက ထုတ်သော နံရိုးဖြင့် လူမိန်းမကို ဖန်ဆင်း၍ လူရှိရာသို့ ဆောင် ခဲ့တော်မူ၏။ ကမ္ဘာဦးကျမ်း ၂း၂၁၊ ၂၂။

အာဒံနှင့် ဧဝတို့ကြားဆက်နွယ်မှုကား အဘယ်နည်း။ **ἐκ** → δια. မျိုးစေ့များ၏ရင်းမြစ်သည် အာဒံတွင်ရှိသည်။ သူ့ထံမှမျိုးစေ့ဇာတ်ကြောင်း ဖြစ်လာဖို့ရန် သက်ရှိအမျိုးသမီးထွက်ပေါ်လာသည်။ ထို့ကြောင့် ဤကမ္ဘာကြီးထဲကို မွေးဖွားလာသောကလေးတိုင်းသည်ဘဝအသက်ကိုရဖို့ရန်**ἐκ**→δια(မူလဇစ်မြစ်→ဇာတ်ကြောင်း) လုပ်ငန်းစဉ်တစ်ခုလိုအပ်ပေသည်။ ထိုအခြင်းအရာကို အာဒံအနေဖြင့် ယင်းသို့နားလည်ခဲ့သည်။

> လူကလည်း၊ ယခု ဤသူသည် ငါ့အရိုးထဲကအရိုး၊ ငါ့အသားထဲက အသားဖြစ်၏။ လူထဲက ထုတ်သောကြောင့် သူ့ကို လူမိန်းမဟု ခေါ်ဝေါ်အပ်သည်ဟု ဆိုလေ၏။ ကမ္ဘာဦးကျမ်း ၂း၂၃။

သမ္မာကျမ်းစာ၌ ခမည်းတော်နှင့်သားတော်တို့၏ ဝိညာဉ်ရေးရာဆက်နွယ်မှုကို ကျွန်ုပ်တို့ တွေ့မြင်နိုင်သည်။ ထိုဆက်နွယ်မှုကိုလေ့လာကြည့်လျှင် ဖန်ဆင်းခြင်းအားလုံး၏အရင်းအမြစ်ဖြစ်သော **ἐκ** →δια (မူလဇစ်မြစ်→ ဇာတ်ကြောင်း)ဟူသော စကြ်ဝဠာဆိုင်ရာနိယာမကိုတွေ့ရသည်။ အောက်ပါကျမ်းချက်အချို့ကို ထပ်မံသုံးသပ်ကြည့်ပါ။

> တဖန်၊ ဘုရားသခင်က ငါတို့ပုံသဏ္ဌာန်နှင့်အညီ တသဏ္ဌာန်တည်း လူကိုဖန်ဆင်းကြစို့။… ထိုသို့ ဘုရားသခင်သည် မိမိပုံသဏ္ဌာန်နှင့်အညီ လူကိုဖန်ဆင်းတော်မူ၏။ ဘုရားသခင်၏ ပုံသဏ္ဌာန်တော် နှင့်အညီ လူယောကျ်ား၊ လူမိန်းမကိုဖန်ဆင်းပြီးလျှင်၊… ကမ္ဘာဦးကျမ်း ၁း၂၆၊ ၂၇။

> သန့်ရှင်းသူအပေါင်းတို့တွင် အငယ်ဆုံးသော သူထက်သာ၍ ငယ်သော ငါအား ထိုကျေးဇူးတော်ကို ပေးတော်မူပြီ။ ဧဖက်မှတ်စာ ၃း၈။

> နှုတ်ကပတ်တော်သည် ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။ ဖန်ဆင်းတော်မူခြင်းနှင့် ကင်းလွတ်လျက်ဖြစ်သော အရာတစုံတခုမျှမရှိ။ (၄) ထိုနှုတ်ကပတ်တော်၌ အသက်ရှိ၏။ ထိုအသက်သည်လည်း လူတို့၏အလင်းဖြစ်၏။ ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၁း၃၊ ၄။

ဘုရားသခင်သည် ခပ်သိမ်းသောအရာတို့ကို ယေရှုခရစ်အားဖြင့်ဖန်ဆင်းတော်မူ၏။ "ငါတို့ပုံသဏ္ဍာန်နှင့် တညီတသဏ္ဍာန်တည်း လူကိုဖန်ဆင်းကြစို့" ဟု ဘုရားသခင်ပြောခဲ့သူမှာ သူ့သားတော်သာ ဖြစ်သည်။ လူသားမျိုးနွယ်များ ဖြစ်ပေါ်စေသောဆက်နွယ်မှုမှာ ဖခင်နှင့်သားတော်တို့၏ ဆက်ဆံရေးဖြစ်သည်။ ဤဆက်နွယ်မှုသည် **ἐκ** $\rightarrow \delta\iota\alpha$ (မူလဇစ်မြစ်→ ဇာတ်ကြောင်း)ပင် ဖြစ်သည်။

> အဘယ်သို့နည်းဟူမူကား၊ ဖန်ဆင်းတော်မူသောအရာများကို ထောက်ရှုသဖြင့်၊ ထာဝရတန်ခိုးတော်နှင့် ထာဝရအဖြစ်တော်တည်းဟူသော မျက်မြင်မရသော ဘုရားသခင်၏ အရာတို့သည် ကမ္ဘာ တည်သည်ကာလမှစ၍ ထင်ရှားလျက်ရှိကြ၏။... ရောမသြဝါဒစာ ၁း၂၀။

ရောမသြဝါဒစာတွင် ကျွန်ုပ်တို့အားမမြင်ရသော ဘုရားသခင်၏ဂုဏ်သရေတော်များကို ဖန်ဆင်းခြင်းလက်ရာများတွင် ရှင်းလင်းစွာတွေ့မြင်ရသည်ဟု ဖော်ပြထားသည်။ အထူးသဖြင့် ဘုရားသခင့်ပုံသဏ္ဍာန်တော် နှင့်အညီမည်သည့်အရာကဖန်ဆင်းခြင်းခံရသနည်း။ ယောကျ်ားနှင့်မိန်းမတို့၏ဆက်ဆံရေးသည် အချင်းချင်းထောက်မကြခြင်းဖြစ်သည်။အကြောင်းမှာ လူလူချင်းဆက်နွယ်မှုကို စကြ်ဝဠာ၏အဓိကဆက်နွယ်မှု ဖြစ်သော ခမည်းတော်နှင့်သားတော်တို့၏ ပုံသဏ္ဍာန်နှင့်အညီ ဖွဲ့စည်းထားသောကြောင့်ဖြစ်သည်။

သမ္မာကျမ်းစာမှ နောက်ထပ်ကျမ်းပိုဒ်အချို့ကို သုံးသပ်ကြည့်ကြစို့။

> မေတ္တာချင်းထုံးဖွဲ့၍၊ ခမည်းတော်ဘုရားနှင့် ခရစ်တော်၏ နက်နဲသောအရာကို နားလည်နိုင်သော ဝိစိ ကိစ္စာနှင့် ကင်းစင်သောဉာဏ်၏ စည်းစိမ်အပေါင်းနှင့် ပြည့်စုံ၍၊ စိတ်နှလုံးသက်သာစေမည် အကြောင်း အဘယ်မျှလောက်ကြီးသော တိုက်လှန်ခြင်းကို ငါခံရသည်ဟု သင်တို့သိစေခြင်းငှါ...(၃) ထို နက်နဲသောအရာ၌ ပညာဘဏ္ဍာ၊ ဉာဏ်ဘဏ္ဍာရှိသမျှတို့သည် ဝှက်ထားလျက် ရှိကြ၏။ ကောလောသဲ သြဝါဒစာ ၂း၂-၃။

ခမည်းတော်နှင့် သားတော်၏ဆက်နွယ်မှုသည် ဘုရားသခင်၏အမှတ်အသားဖြစ်သည်။ သင်သည် ကောင်းကင်သို့ကြည့်လျှင် ဤအမှတ်အသားကို နေနှင့်လတို့တွင်တွေ့ရလိမ့်မည်။ မျိုးစိတ်များ၏ဇစ်မြစ်ကို ကြည့်လျှင်လည်း ဤဘုရားသခင်၏အမှတ်အသားကို သင်တွေ့လိမ့်မည်။ ဤဘုရားသခင်၏သော့ဖြင့် ဉာဏ်ပညာနှင့် အသိပညာများ၏ ဘဏ္ဍာအားလုံးကို ကျွန်ုပ်တို့ဖွင့်နိုင်မည် ဖြစ်သည်။

> ငါတို့ရှိသမျှသည် မျက်နှာဖုံးကိုဖွင့်လျက် မှန်ကိုကြည့်သကဲ့သို့၊ သခင်ဘုရား၏ ဘုန်းအသရေတော်ကို ကြည့်မြင်၍၊ ဝိညာဉ်တော်တရား၏အရှင်သည် ရောင်ခြည်တော်ကို လွှတ်တော်မူသည့်အတိုင်း၊ ငါတို့ သည် ဘုန်းအသရေတိုးပွါး၍ ပုံသဏ္ဍာန်တော်နှင့်အညီ ပြောင်းလဲခြင်းရှိရကြ၏။ ၂ကော ၃း၁၈။

ခမည်းတော်နှင့်သားတော်၌တည်ရှိသော ဤဘုရားသခင့်အမှတ်သားဖြစ်သည့် **ἐκ**$\rightarrow\delta\iota\alpha$ (မူလဇစ်မြစ်→ဇာတ်ကြောင်း)ကို ကြည့်ခြင်းအားဖြင့် ကျွန်ုပ်တို့၏စဉ်းစားတွေးခေါ်မှု၊ ခံစားချက်၊ ကျွန်ုပ်တို့၏ဆက်ဆံရေးနှင့် လေ့လာမှုကိုပြောင်းလဲနိုင်လိမ့်မည်။ ဉာဏ်ပညာနှင့် အသိပညာအားလုံး၏လျှို့ဝှက်ချက်သည် ခမည်းတော်နှင့်သားတော်တို့၏ ဆက်နွယ်မှုအကြောင်းကို အမှန်တကယ်သိရှိခြင်းပင်ဖြစ်ကြောင်း ကျွန်ုပ်ရှာဖွေတွေ့ရှိခဲ့သည်။ သူတို့၏ဆက်နွယ်မှုကို မှန်ကန်စွာ နားလည်ခြင်းမရှိပါက စစ်မှန်သောအသိပညာနှင့်ဉာဏ်ပညာ၏သော့ချက်ကို ဖုံးကွယ်ထားခြင်း(သို့) ဖျောက်ဖျက်ခြင်းပင်ဖြစ်သည်။ သို့သော် ဤစစ်မှန်သော ဉာဏ်ပညာနှင့်ခမည်းတော်နှင့်သားတော်တို့ကို အစဉ်မပြတ်တွေးတောဆင်ခြင်ခြင်းဖြင့် ဘုရားသခင်သည် ဤပုံစံကို ကျွန်ုပ်တို့၏အသိစိတ်တွင်ဖော်ပြတော်မူပြီး၊ ကျွန်ုပ်တို့၏စိတ်နှလုံးနှင့်ကျွန်ုပ်တို့နှင့်ဆက်စပ်နေသော သူတို့၏စိတ်နှလုံးများနှင့်လည်း သဟာဇာတဖြစ်စေသည်။

ဇယား (၁) – အခြေခံမူများ၏ အရင်းအမြစ်

| ကျမ်းပိုဒ် | | မူလ (ခမည်းတော်) - ἐκ → | ဇာတ်ကြောင်း (သားတော်) - δια |
|---|---|---|---|
| ထိုသားတော်သည် မျက်မြင်မရသောဘုရားသခင်၏ ပုံသဏ္ဍာန်တော်ဖြစ်၏… သားဦးဖြစ်တော်မူ၏။ (ကောလောသဲသြဝါဒစာ ၁း၁၅) | ၁ | မမြင်နိုင်သော | မြင်နိုင်သော |
| ထိုသားတော်သည် ဘုရားသခင်၏ ဘုန်းတော်ရောင်ခြည်နှင့် ဇာတိအဖြစ်တော်၏ ပုံသဏ္ဍာန်ဖြစ်၍…ထူးမြတ်သော ဘွဲ့နာမတော်ကို ခံရသည်နှင့်အညီ၊ ကောင်းကင်တမန်တို့ထက်ကြီးမြတ်သော သူဖြစ်တော်မူ၏။( ဟေဗြဲ ၁း၃၊၄) ထို့ကြောင့်ဘုရားသခင်သည်ကိုယ်တော်ကိုအလွန်ချီးမြှောက်၍ဘွဲ့နာမတကာတို့ထက်ကြီးမြတ်သောဘွဲ့နာမကိုပေးသနားတော်မူ ၏…ခမည်းတော်ဘုရား၏ဘုန်းအသရေတော်ကို ထင်ရှားစေကြမည်အကြောင်းတည်း။ (ဖိလိပ္ပိသြဝါဒစာ ၂း၉-၁၁) | ၂ | ဘုန်းတော် | ရောင်ခြည် |
| ……………မိမိအလိုအလျောက် အဘယ်အမှုကို မျှမပြုနိုင်၊ ခမည်းတော် ပြုတော်မူသမျှအတိုင်း သားတော်လည်းပြု၏။ ယောဟန် ၅း၁၉။ ..ခရစ်တော်၏ခေါင်းကား ဘုရားသခင် ဖြစ်တော်မူ သည်…သိမှတ်စေခြင်းငှါ ငါအလိုရှိ၏။ (၁ကော ၁၁း၃) | ၃ | ဦးဆောင်ခြင်း | အသနားခံခြင်း |
| သင်၏ရန်သူတို့ကို သင်၏ခြေတင်ရာ ငါချမထားမှီတိုင်အော င် ငါ့လက်ျာဘက်၌ထိုင်နေလော့ဟု၊ အဘယ်မည်သော ကောင်း ကင်တမန်ကိုတခါမျှ မိန့်တော်မူဘူးသနည်း။ (ဟေဗြဲသြဝါဒစာ ၁း၁၃) အမြင့်ဆုံးသောဘုရား၏ကွယ်ကာရာဌာနတော်၌ နေသောသူသည် အနန္တတန်ခိုးရှင်၏အရိပ်ကို ခိုရလိမ့်မည်။ (ဆာလံကျမ်း ၉၁း၁) | ၄ | ကာကွယ်သူ | ကာကွယ်ပေးခံရသူ |
| ဤသူကား ငါနှစ်သက်မြတ်နိုးရာ၊ ငါ၏ချစ်သား ပေတည်းဟု ကောင်းကင်က အသံတော်ဖြစ်လေ၏။ (ရှင်မဿဲခရစ်ဝင် ၃း၁၇) ယေရှု ကလည်း၊လူသည်မုန့်အားဖြင့်သာအသက်ကိုမွေးရမည် မ ဟုတ်။ ဘုရားသခင် မိန့်တော်မူသမျှအားဖြင့် အသက်ကို မွေး ရမည်ကျမ်းစာလာသည်ဟု ပြန်ပြောတော်မူ၏။ (ရှင်မဿဲခရစ်ဝင် ၄း၄) | ၅ | ကောင်းချီးပေးသူ / ထောက်ပံ့သူ | ကောင်းချီးလက်ခံသူ /ထောက်ပံ့ခံရသူ |
| အကြောင်းမူကား၊ သန့်ရှင်းခြင်းဟု နာမရှိတော် မူထသော၊ အ နန္တကာလတည်းဟူသော ဘုံဗိမာန်၌ စံတော်မူထသော၊ အထွ ဋ်အမြတ်ဖြစ်တော်မူသော ဘုရားမိန့်တော်မူသည်ကား၊ ငါ သည် မြင့်မြတ်သန့်ရှင်း သော အရပ်၌နေ၏။ (ဟေရှာ ၅၇း၁၅) နှုတ်ကပတ်တော်သည်လည်း လူဇာတိအဖြစ်ကို ခံယူ၍ … ငါတို့တွင်တည်နေတော်မူသည်ဖြစ်၍… (ယောဟန် ၁း၁၄) | ၆ | အထွတ်အထိပ် တွင်တည်သူ | အနီးကပ်ရှိသူ |

| | | | |
|---|---|---|---|
| ငါသည်ခမည်းတော်၏အခွင့်နှင့် ရောက်လာသော်လည်း သင်တို့သည်ငါ့ကို လက်မခံကြ။ အခြားသော သူသည် မိမိအခွင့်နှင့်ရောက်လာလျှင် ထိုသူကိုလက်ခံကြလိမ့်မည်။ (ရှင်ယောဟန်ခရစ်ဝင် ၅း၄၃) | ၇ | ကိုယ်စားပြုခြင်း ခံရသူ | ကိုယ်စားပြုသူ (နှုတ်ကပတ်တော်) |

ခမည်းတော်နှင့် သားတော်တို့၏ဆက်ဆံရေးကို ကြည့်ခြင်းအားဖြင့် အထက်တွင် ဖော်ပြထားသော မူများစွာရှိသည်။ ဤအခြေခံသဘောတရားများကို လာမည့်အခန်းများတွင် ပိုမိုကျယ်ပြန့်စွာ ဖော်ပြပေးပါမည်။

ဇယား (၂) – ဓာတ်ကြောင်း၏ ဥပမာများ

| ဓာတ်မြစ်<br>ἐκ → | ဓာတ်ကြောင်း<br>δια | |
|---|---|---|
| ခင်ပွန်း | ဇနီး | မိန်းမ၏ခေါင်းကား ယောကျ်ားဖြစ်သည်ကိုငှင်း၊ ၁ကော ၁၁း၃ |
| မိဘ | သားသမီး | မိဘကိုရိုသေစွာပြုလော့။ မဿဲ ၁၉း၁၉ |
| ခရစ်တော် | အသင်းတော် | ခရစ်တော်သည် အသင်းတော်၏အပေါ်မှာ ခေါင်းဖြစ်တော်မူသကဲ့သို့…. ဖေက် ၅း၂၃ |
| သိုးထိန်း | သိုးစု | သိုးတို့နှင့်အတူရှိသောဘုရားသခင်၏ သိုးတော်စုကို ထိန်းခြင်းအမှုမှာ၊… ၁ကော ၅း၂ |
| အုပ်ချုပ်သူ | ပြည်သူများ | အစိုးရသော မင်းအာဏာစက်၏ အုပ်စိုးခြင်းကို လူတိုင်းဝန်ခံစေ။ အကြောင်းမူကား၊ ဘုရားသခင်၏အခွင့်မရှိလျှင်၊ မင်းအာဏာစက်မရှိ။ အာဏာစက်ရှိသမျှသည် ဘုရားသခင်ခန့်ထားတော်မူရာဖြစ်သတည်း။ ရောမ ၁၃း၁ |
| အကြောင်းပြချက် | စိတ်ခံစားချက် | ခပ်သိမ်းသော အရာကိုစုံစမ်း၍၊ ကောင်းသောအရာကို အမြဲကိုင်စွဲကြလော့။ ၁ သက်သာ ၅း၂၁ |
| ယုံကြည်ခြင်း | အလုပ် | … မေတ္တာအားဖြင့် ပြုပြင်တတ်သော ယုံကြည်ခြင်းသာ အကျိုးရှိ၏။ ဂလာ ၅း၆ |
| ခရစ်တော် | သမ္မာကျမ်းစာ | ထိုအခါ မောရှေ၏ကျမ်းစာမှစ၍ ပရောဖက်တို့၏ ကျမ်းစာများ၌ ကိုယ်တော်ကိုရည်မှတ်၍ ရေးထား သမျှသော ကျမ်းစာချက်အနက်ကို ရှင်းလင်းစွာ ဘော်ပြတော်မူ၏။ လုကာ ၂၄း၂၇ ကျမ်းစာအားဖြင့် ထာဝရအသက်ကိုရမည်ဟု စိတ်ထင်နှင့် သင်တို့သည် ကျမ်းစာကိုစေ့စေ့ကြည့်ရှု ကြ၏။ ထိုကျမ်းစာပင် ငါ၏သက်သေဖြစ်၏။ ယောဟန် ၅း၃၉ |
| ဓမ္မဟောင်းကျမ်း | ဓမ္မသစ်ကျမ်း | ပညတ္တိကျမ်း၊ အနာဂတ္တိကျမ်းများကို ဖျက်ပယ်ခြင်းငှါ ငါလာသည်ဟု မထင်ကြနှင့်။ ဖျက်ပယ်ခြင်းငှါ ငါလာသည်မဟုတ်။ ပြည့်စုံစေခြင်းငှါ ငါလာသတည်း။ မဿဲ ၅း၁၇ |
| ပထမပညတ်တော် (၄)ပါး | နောက်ပညတ်တော် (၆) ပါး | ၃၇.ယေရှုက၊ သင်၏ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ဉာဏ်ရှိသမျှနှင့် ချစ်လော့၊ ဟူသော ပညတ်သည် ပဌမပညတ်ဖြစ်၏။ ၃၈. ကြီးမြတ်သော ပညတ်လည်းဖြစ်၏။ ၃၉. ထိုမှတပါး ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်လော့ဟူသော ဒုတိယကပညတ်သည် ပဌမ ပညတ်နှင့် သဘောတူ၏။ မဿဲ ၂၂း၃၇-၃၉ |
| မျိုးစေ့ | သီးနှံ/အပင် | လုကာ ၈း၅-၈၊ “မျိုးစေ့ကြဲသောသူသည် မျိုးစေ့ကိုကြဲခြင်းငှါ ထွက်သွား၏။… ၈. အချို့သောအစေ့တို့သည် ကောင်းသောမြေ၌ ကျသဖြင့် အပင်ပေါက်၍အဆပွါးများ၍ အသီးသီးကြ၏ဟု၊” |

| | | |
|---|---|---|
| နေ | လ | ထိုသို့ ဘုရားသခင်သည် အလင်းအိမ်ကြီးနှစ်လုံးတည်းဟူသော နေ့ကိုအုပ်စိုးရသော အကြီးတလုံး၊ ညဉ့်ကိုအုပ်စိုးရသော အငယ်တလုံးနှင့်.....ဖန်ဆင်းတော်မူပြီးလျှင်၊ ကမ္ဘာဦးကျမ်း ၁း၁၆ |

အပေါ်ကဇယား(၂)သည်ဇယား(၁)၏ပုံတူပင်ဖြစ်သည်။နှစ်ခုစလုံးသည်ἐκ→διά(မူလဇစ်မြစ်→ဇာတ်ကြောင်း)၏ ဆက်နွယ်မှုကိုဖော်ပြသည်။

ကျွန်ုပ်တို့၏ကမ္ဘာတွင် ဘုရားသခင်၏အမှတ်အသား အစိတ်အပိုင်းများစွာ လည်ပတ်နေသည်ကို တွေ့မြင်နိုင်သည်။ မူလနေရာများနှင့်လမ်းကြောင်းများသည် ၎င်းတို့၏ ဆက်နွယ်မှုပေါ်မူတည်၍ ပြောင်းလဲသည်။ ဥပမာ - ခင်ပွန်းသည်နှင့် ဇနီး၏ဆက်နွယ်မှုတွင် ခင်ပွန်းသည်ဇစ်မြစ်ဖြစ်ပြီး ဇနီးသည် ဇာတ်ကြောင်း ဖြစ်သည်။ မိခင်နှင့် ကလေးဆက်နွယ်မှုတွင် မိခင်သည်ဇစ်မြစ်ဖြစ်ပြီး ကလေးသည် ဇာတ်ကြောင်း ဖြစ်သည်။

ပထမဇယားတွင်ဖော်ပြထားသည့် ဘုရားသခင်၏စံညွှန်းကိုအခြေခံပြီး ဒုတိယဇယားတွင်ဖော်ပြထားသည့် ဆက်နွယ်မှုများကိုနားလည်လျှင်၊ ကောင်းကင်နှင့်မြေကြီးတို့၏ ညီညွတ်စွာလုပ်ဆောင်ခြင်း၏ လျှို့ဝှက်ချက်မှာ ခမည်းတော်နှင့်သားတော်ဖြစ်ကြောင်း ကျွန်ုပ်တို့တွေ့ရှိရမည်ဖြစ်သည်။


ဒုတိယဇယားတွင် ဖော်ပြထားသော အရင်းအမြစ်ဥပမာများတွင် သူတို့၏အခွင့်အာဏာသည် နောက်ဆုံးတွင် ၎င်းအခွင့်အာဏာကိုပေးသော ဘုရားသခင်၏လက်အောက်တွင်သာရှိကြောင်းသိနိုင်သည်။ အမြင့်ဆုံးသောဘုရားသခင်၏ အခွင့်အာဏာနှင့်ကင်းလွတ်သော မည်သည့်အခွင့်အာဏာမျှ ကမ္ဘာပေါ်တွင်မရှိချေ။ အကယ်၍သူတို့သည် သဟဇာတမဖြစ်လျှင် ထိုဇာတ်ကြောင်းကို လုပ်ပိုင်ခွင့်ရသောသူ၏ တာဝန်သည် ဘုရားသခင်၏အခွင့်အာဏာကို လေးစားလိုက်နာရန်သာ ဖြစ်သည်။


ဤအခြေခံနိယာမများကို ကျွန်ုပ်တို့ အတိုချုပ်ဖော်ပြရလျှင်-

၁. မမြင်နိုင်သောအရာနှင့် မြင်နိုင်သောအရာ= ဇာတ်ကြောင်းသည် ဇစ်မြစ်ကိုလမ်းညွှန်ဖော်ပြသည်။
၂. ဘုန်းတော် နှင့် ရောင်ခြည်= ဇာတ်ကြောင်းသည်ဇစ်မြစ်ကို ပုံကြီးချဲ့ပေးသည်။
၃. ဦးဆောင်သူ နှင့် အသနားခံသူ= ဇာတ်ကြောင်းသည် ဇစ်မြစ်ထံသို့ ပေးအပ်သည်။
၄. ဇစ်မြစ်သည် ဇာတ်ကြောင်းကို ကာကွယ်ပေးသည်။
၅. ဇစ်မြစ်သည် ဇာတ်ကြောင်းကို ကောင်းချီးပေးသည်။
၆. ဇစ်မြစ်သည် ဇာတ်ကြောင်းအတွက် ထောက်ပံ့ပေးသည်။
၇. ဇစ်မြစ်သည် ဇာတ်ကြောင်းအား ကိုယ်စားပြုသည်။

ခရစ်တော်သည် ကျွန်ုပ်တို့အားခမည်းတော်ထံသို့ ပို့ဆောင်ပေးသောကြောင့် ဇာတ်ကြောင်း၏ လုပ်ဆောင်ချက်ဖြင့် အစပြုရခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည်ဇစ်မြစ်နှင့်ဆက်သွယ်ပြီးပါက ၎င်း၏ လုပ်ဆောင်မှုများကို ဖော်ပြနိုင်မည်ဖြစ်သည်။

ယခုကျွန်ုပ်တို့ဖော်ပြထားသော အခြေခံမှုများသည် ဘုရားသခင်၏စံညွှန်းအချက်အချာများ ဖြစ်သည်။ ဤစံညွှန်း၏တင့်တယ်မှုနှင့်အချိုးညီခြင်းကို အမှန်တကယ်တန်ဖိုးထားရန် ဒုတိယဇယားကိုလေ့လာရန်လိုအပ်သည်။






ခင်ပွန်း နှင့် ဇနီး　　　မိဘ နှင့် သားသမီး　　　ခရစ်တော် နှင့် အသင်းတော်




အစေ့ နှင့် အပင်　　　နေ နှင့် လ

# အခန်း ၆

## အသက် စမ်းရေချောင်း



ဘုရားသခင်၏စံနမူနာကိုနိဒါန်းပျိုးရန် "ဇစ်မြစ်နှင့်ဇာတ်ကြောင်းသည် မည်သည့်အရာ၏အခြေခံဖြစ်သနည်း" ဟူသည့်မေးခွန်းကို ကျွန်ုပ်တို့ရိုးရိုးလေးမေးရန်သာ လိုအပ်သည်။ အဓိကကျမ်းချက်သို့ ပြန်သွားကြပါစို့။

> အကြင်ဘုရားသခင်အထဲက ခပ်သိမ်းသောအရာဖြစ်၍၊ အကြင်ဘုရားသခင် အဘို့အလိုငှါ ငါတို့သည် ဖြစ်ကြ၏။ ထိုခမည်းတော်ဘုရားသခင်တပါးတည်းသာ ငါတို့၌ ရှိတော်မူ၏။ အကြင်သခင်အားဖြင့် ငါတို့မှစ၍ ခပ်သိမ်းသောအရာ ဖြစ်ကြ၏။ ထိုသခင်ယေရှုခရစ်တပါးတည်း ငါတို့၌ ရှိတော် မူ၏။ ကောရိန္သုဩဝါဒစာ ပဌမစာစောင် ၈း၆။

ရိုးရှင်းသောအဖြေမှာ *အရာခပ်သိမ်းပင်* ဖြစ်သည်။ ထို*အရာခပ်သိမ်း* တွင် အဘယ်အရာများ ပါဝင်သနည်း။

> တဖန်၊ ကျောက်သလင်းကဲ့သို့ ကြည်လင်၍၊ ဘုရားသခင်နှင့် သိုးသငယ်၏ ပလ္လင်တော်ထဲက ထွက် သော၊ အသက်ရေစီးရာမြစ်ကို ကောင်းကင်တမန်သည် ငါ့အား ပြလေ၏။ ဗျာဒိတ် ၂၂း၁။

ဤအခန်းငယ်တွင် သိုးသငယ်သည် ဘုရားသခင်၏သားတော်ကို ရည်ညွှန်းခြင်းဖြစ်သည်။(ယောဟန် ၁း၂၉)။ ဘဝအသက်တာအားလုံးသည် ခမည်းတော်ထံမှသားတော်အားဖြင့်လာသောအရာများဖြစ်သည်။ ခမည်းတော်သည် အသက်၏ဇစ်မြစ်ဖြစ်ပြီး သားတော်သည်အသက်၏ဇာတ်ကြောင်း ဖြစ်သည်။ ဤဘဝအသက်တာကိုဘုရားသခင်၏ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့ထံသို့စီးဆင်းစေသည်။ ဝိညာဉ်တော်ကို အလင်း၊ ရေ၊ လေ၊ မီး ဟူသောစကားလုံးများဖြင့်မကြာခဏသုံးနှုန်းလေ့ရှိသည်။

ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့သည်ခမည်းတော်၏ကောင်းကြီးမင်္ဂလာအလုံးစုံကို ခံစားရသည်။ ဤဝိညာဉ်တော်ကို ကျွန်ုပ်တို့ရရှိနိုင်သည့် တစ်ခုတည်းသောနေရာမှာ ဘုရားသခင်၏ သားတော် (ဓာတ်ကြောင်း)အားဖြင့်သာဖြစ်သည်။

> တဖန်ယေရှုက၊ သင်တို့၌ ငြိမ်သက်ခြင်းရှိစေသတည်း။ ခမည်းတော်သည် ငါ့ကို စေလွှတ်တော်မူ သည် နည်းတူ၊ သင်တို့ကိုငါစေလွှတ်သည်ဟု မိန့်တော်မူပြီးလျှင်၊ (၂၂) ထိုသူတို့အပေါ်၌ မှုတ် လျက်၊ သင်တို့သည် သန့်ရှင်းသောဝိညာဉ်တော်ကို ခံကြလော့။ ယောဟန် ၂၀း၂၁-၂၂။

လက်ဝါးကပ်တိုင်ပေါ်တွင် သခင်ယေရှု၏အသေခံခြင်းကျေးဇူးတော်ကြောင့်ယခုအချိန်တွင် လူသား တို့သည် ထာဝရအသက်ကိုရရှိသည်။ ဤထာဝရအသက်ကို လက်ခံရန်ငြင်းဆန်သူများသည် နောက်ဆုံး တွင်မိမိကိုယ်ကို ဇစ်မြစ်မှလုံးဝဖြတ်တောက်လိုက်ခြင်းသာဖြစ်သည်။ ထာဝရအသက်ကိုရရန် ကျွန်ုပ်တို့ သည် ခမည်းတော်နှင့်သားတော်၏ ဇစ်မြစ်နှင့်ဓာတ်ကြောင်း၏ ဆက်နွယ်ခြင်းကို နားလည်သဘော ပေါက်ပြီး အသိအမှတ်ပြုရန်လိုအပ်သည်။

> သက်သေခံတော်မူချက်ဟူမူကား၊ ဘုရားသခင်သည် ငါတို့အား ထာဝရအသက်ကို ပေးတော်မူ၍၊ ထိုအသက်သည်လည်း သားတော်၌ပါ၏။ သားတော်ကိုရသောသူသည် အသက်ကိုရ၏။ ဘုရား သခင်၏သားတော်ကို မရသောသူမူကား အသက်ကိုမရ။ ၁ယော ၅း၁၁-၁၂။

အသက်သည် ကျွန်ုပ်တို့အပေါ်သို့ သွန်းလောင်းသောကောင်းချီးများစွာအထဲမှ ပထမဆုံးဖြစ်သည်။ နောက်တစ်ချက်မှာ-

> ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည်၊ ပျက်စီးခြင်းသို့မရောက်၊ ထာဝရ အသက်ကို ရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌ တပါးတည်းသော သားတော်ကို စွန့်တော်မူသည် တိုင်အောင် လောကီသားကို ချစ်တော်မူ၏။ ယောဟန် ၃း၁၆။

> သားတော်အားဖြင့် ငါတို့သည် အသက်ရှင်စေခြင်းငှါ၊ ဘုရားသခင်သည် တပါးတည်းသော သား တော်ကို ဤလောကသို့ စေလွှတ်တော်မူသောအရာ၌၊ ငါတို့ကို ချစ်တော်မူသော မေတ္တာတော် သည် ထင်ရှားလျက် ရှိ၏။ ရှင်ယောဟန်ဩဝါဒစာ ပထမစာစောင် ၄း၉။

ခမည်းတော်၏နှလုံးသားထဲတွင် ချစ်ခြင်းမေတ္တာအရင်းအမြစ် တည်ရှိပြီး၊ ထိုချစ်ခြင်းမေတ္တာကို သားတော်မှတစ်ဆင့် ကျွန်ုပ်တို့ကိုဖော်ပြသည်။ ချစ်ခြင်းမေတ္တာသည် ဇစ်မြစ်မှ ဓာတ်ကြောင်း ၊ ထိုဓာတ်ကြောင်းမှ ကျွန်ုပ်တို့ထံသို့စီးဆင်းသော စမ်းရေချောင်းဖြစ်သည်။ ချစ်ခြင်းမေတ္တာ စမ်းရေချောင်း ကို ၎င်းပုံစံထဲတွင် နည်းလမ်းအမျိုးမျိုးဖြင့် ဖော်ပြနိုင်သည်။

| ဇစ်မြစ်– **ɛ̓κ** → (မမြင်နိုင်သော) | ဓာတ်ကြောင်း – δια (မြင်နိုင်သော) | စမ်းရေချောင်း/အသက် - ζωη |
|---|---|---|
| စိတ်ကူး (ညဏ်) | နှုတ်ကပတ်တော် | ချစ်ခြင်းမေတ္တာ |
| စိတ်ကူး (ညဏ်) | ပွေ့ပိုက်ခြင်း | ချစ်ခြင်းမေတ္တာ |
| စိတ်ကူး (ညဏ်) | လက်ဆောင် | ချစ်ခြင်းမေတ္တာ |

ချစ်ခြင်းမေတ္တာကို မည်သည့်အခါမျှဖော်ပြခြင်းမရှိခဲ့လျှင် ထိုချစ်ခြင်းမေတ္တာကို မည်သူကမျှ တွေ့ကြုံ ခံစားသိရှိနိုင်မည်မဟုတ်ပေ။ ခမည်းတော်၏စိတ်နှလုံးသားကို သားတော်၌ဖော်ပြသောစံညွှန်းကို သိနိုင်ရန် မည်မျှအရေးကြီးသနည်း။

နေနှင့်လတို့၏ ပုံနမူနာကို ပြန်လည်လေ့လာခြင်းဖြင့် အခြားအရေးကြီးသော နိယာမတစ်ခုကို တွေ့ရှိရသည်။ မှောင်မိုက်သောနေရာမှ နေရောင်ခြည်ကိုတိုက်ရိုက်ကြည့်လျှင်မျက်စိကွယ်နိုင်သည်။ သို့သော်ထိုနေရောင်ခြည်ကို လမှတစ်ဆင့်လာသောအလင်းရောင်အဖြစ် ကြည့်လျှင်အန္တရာယ်မဖြစ်စေနိုင်ကြောင်း တွေ့ရှိရသည်။

| ဇစ်မြစ် – **ἐκ** → (မမြင်နိုင်သော) | ဓာတ်ကြောင်း – δια (မြင်နိုင်သော) | စမ်းရေချောင်း/အသက် - ζωη |
|---|---|---|
| နေ | လ | အလင်း |
| မိဘ | သားသမီး | ဉာဏ်ပညာ/အသိတရား |

နေ(သို့)လရောင်ခြည်ကို ဘုရားသခင်ပေးသကဲ့သို့ တစ်ဦးတစ်ယောက်မှလမ်းညွှန်ပို့ချခြင်းအားဖြင့် ကျွန်ုပ်တို့ သည်အသိပညာများကိုရရှိကြသည်။ ကျွန်ုပ်တို့စာရေးစာဖတ်တတ်ရန် ဦးစွာမိဘ(သို့) ဆရာများမှသင်ကြားပေးရန်လိုအပ်သည်။ ကျွန်ုပ်တို့မွေးဖွားရာပတ်ဝန်းကျင်၊ စကြဝဠာကြီးအကြောင်း ပိုမိုသိရှိလာနိုင်ဖို့ရန်လည်း သင်ကြားမှုများလိုအပ်သည်။

| ဇစ်မြစ် – **ἐκ** → (မမြင်နိုင်သော) | ဓာတ်ကြောင်း – δια (မြင်နိုင်သော) | စမ်းရေ/အသက် - ζωη |
|---|---|---|
| မိဘ | သားသမီး | အသက်၊ မေတ္တာ၊ ကောင်းချီး၊ လုံခြုံမှု၊ အစားအစာ၊ ဂရုဏာ၊ ဉာဏ်ပညာ၊ အသိအမှတ်ပြုခြင်း၊ အမှားပြင်ပေးခြင်း၊ အမိန့်။ |
| ဆရာ၊ ဆရာမ | ကျောင်းသား | ဉာဏ်ပညာ၊ အသိအမှတ်ပြုခြင်း/ကောင်းချီး၊ အမှားပြင်ပေးခြင်း၊ အမိန့်။ |
| ခရစ်တော် | အသင်းတော် | အသက်၊ မေတ္တာ၊ သနားခြင်း၊ ဂရုဏာ၊ ကောင်းချီး၊ ဉာဏ်ပညာ၊ အမှားပြင်ပေးခြင်း၊ အမိန့်။ |
| အသင်းတော်ခေါင်းဆောင်(သိုးထိန်း) | သိုးစု | မေတ္တာ၊ ကောင်းချီး၊ ဉာဏ်ပညာ၊ လုံခြုံမှု၊ အမှားပြင်ပေးခြင်း၊ အမိန့်။ |
| အုပ်ချုပ်သူ | တိုင်းသူပြည်သားများ | ဉာဏ်ပညာ၊ လုံခြုံမှု ၊အသိအမှတ်ပြုခြင်း၊ အမိန့်။ |


ထို့ကြောင့် ဘုရားသခင်၏စံညွှန်းတော်မှာ -

၁. ဇစ်မြစ်
၂. ဇာတ်ကြောင်း
၃. စီးနေသောစမ်းချောင်းရေ

ဤဇစ်မြစ်နှင့် ဇာတ်ကြောင်း၏မှန်ကန်သော ညှိနှိုင်းမှုမှတစ်ဆင့် အစပြုပြီး စမ်းချောင်းရေသည် သက်ရှိများ၊ ကောင်းချီးများ၊ သန္ဓေတည်မွေးဖွားခြင်းနှင့် သာယာဝပြောမှုတို့ကို စတင်ယူဆောင်ပေးသည်။ သို့သော် ယင်းအကြောင်းအရာများကို မှန်ကန်စွာနားမလည်သောအခါ ကျွန်ုပ်တို့သည် ကျိန်ခြင်း၊ ပျက်စီးခြင်းနှင့် နောက်ဆုံး၌ သေခြင်းကိုမြည်းစမ်းရသည်။

# အခန်း ၇

## ဤလောက၏ဘုရားနှင့် ဆန့်ကျင်ဘက်စွမ်းအားများ မွေးဖွားလာခြင်း



အကယ်၍ သင်သည် ဒီမိုကရေစီနည်းအရ အုပ်ချုပ်သောနိုင်ငံများ၏ အစိုးရအိမ်များသို့ ဝင်ရောက်နိုင်ပါက၊ အစိုးရနှင့် တန်းတူညီညွတ်သောကိုယ်စားလှယ်များနှင့် တစ်ချိန်တည်းတွင် အတိုက်အခံများအဖြစ် သတ်မှတ်ခံရမည့်ကိုယ်စားလှယ်များကိုလည်း သင်တွေ့လိမ့်မည်။ ထိုအတိုက်အခံအင်အားစုများသည် နေ့စဉ်နှင့်အမျှ တိုင်းပြည်၏အရေးကြီးကိစ္စရပ်များကို ဆွေးနွေးငြင်းခုံကြသည်။ စကားပြောသူတစ်ဦးစီသည် သူ၏ဆွေးနွေးချက်၌ အားသာသည့်အခန်းကဏ္ဍကို အယုံသွင်းရန်ရှာဖွေသည်။ ဤဆွေးနွေးမှုသည် မကြာခဏ ပြင်းထန်တတ်သည်။ ဤလုပ်ငန်းစဉ်သည် ရှေးအချိန်ကတည်းက ဥရောပနှင့် အိန္ဒိယအတွေးအခေါ်၏ အဓိကကျသည့် သဘောထားကွဲလွဲမှုများအား ဖြေရှင်းရန် ဒီဇိုင်းဆွဲထားသော နည်းလမ်းဖြစ်သည်။ ဂရိဘာသာစကားအားဖြင့် ယုတ္တိဗေဒနည်းကျ အမှန်တရားကို ဆန်းစစ်ရှာဖွေခြင်း *(Dialectic)* ဟုခေါ်ဝေါ်သည်။ ၎င်းကို ပလေတို၏ဆိုကရေးတီး ဆွေးနွေးပွဲ များတွင် လူကြိုက်များခဲ့ပြီး၊ ယနေ့ကမ္ဘာပေါ်တွင်စဉ်းစားတွေးခေါ်မှု၏အဓိကပုံစံတစ်ခုဖြစ်သည်။[11]ဤအင်အားစုများသည် အချင်းချင်းထင်ရှားပေါ်လွင်စွာ ဆန့်ကျင်နေကြသော်လည်း ထိုဆွေးနွေးမှုများသည် အမှန်တရားပိုမိုအားကောင်းလာရန်နှင့် ၎င်းတို့ပါဝင်ကိုယ်စားပြုသောသူများ အရည်အသွေးမြင့်မားလာစေရန် ဖြစ်ကြောင်း  တွေ့ရှိရသည်။

ဤအခြေခံတရားကို အရှေ့တိုင်းရှုထောင့်မှကြည့်လျှင် တရုတ်အတွေးအခေါ်ပညာရှင်များ ဖြစ်ကြသော ယင်နှင့်ယန်တို့၏သဘောတရားများကို အောက်ပါအတိုင်း ကျွန်ုပ်တို့တွေ့ရှိရသည်။ ၎င်းတို့က အလင်းနှင့်အမှောင်၊ မီးနှင့်ရေ၊ ယောက်ျားနှင့်မိန်းမ စသည်တို့ကဲ့သို့သော ဆန့်ကျင်ဘက်အရာများတို့သည် အမှန်တကယ်အားပြုရာဖြစ်သည်သာမက၊ သဟဇာတဖြစ်မှုနှင့်ဟန်ချက်ညီမှုတို့ကို ဖန်တီးလုပ်ဆောင်ပေးသည်ဆိုကြသည်။[12] ဤအခြေခံမှုများကို "ကြယ်များ၏တိုက်ပွဲ" (StarWars)ရုပ်ရှင်စီးရီးများအားဖြင့် လူသိများလာပြီး၊ အလင်းနှင့်အမှောင်သည် တစ်ခုနှင့်တစ်ခုဆန့်ကျင်ဘက်ဖြစ်သော စွမ်းအားများကို ထုတ်ဖော်နေကြသော်လည်း အဆုံးတွင် ထိုစွမ်းအားကိုမျှတစေသည်။

ကျွန်ုပ်တို့အထဲ၌လည်းကောင်း၊ ကျွန်ုပ်တို့ပတ်ဝန်းကျင်၌လည်းကောင်း ဆန့်ကျင်ဘက်များ၊ တင်းမာမှုများနှင့်ပြည့်နေသော ဤကမ္ဘာကြီးကို ကျွန်ုပ်တို့မည်သို့သတ်မှတ်ကြပါသနည်း။ ကျွန်ုပ်တို့၏အမြင်တစ်ခုတည်းကိုသာကြည့်လျှင် အထက်ဖော်ပြပါမေးခွန်းကို မှန်ကန်ကြောင်း ထောက်ခံမိမှာအမှန်ပင်။

[11] https://en.wikipedia.org/wiki/Dialectic

[12] https://en.wikipedia.org/wiki/Yin_and_yang

ကျွန်ုပ်တို့သည် ရှေးပရောဖက်များကို ပြန်လှည့်ကြည့်ပါက ဤဆန့်ကျင်မှုစနစ်၏မူလအစကို တွေ့ရှိနိုင်ပါသည်။


> အိုနံနက်သား၊ မိုဃ်းသောက်ကြယ်၊ သင်သည် ကောင်းကင်က ကျလေပြီတကား။ အပြည်ပြည်တို့ကို နှိပ်စက်သော သင်သည်၊ မြေတိုင်အောင် ခုတ်လှဲခြင်းကို ခံရလေပြီတကား။ (13) သင်ကလည်း၊ ကောင်းကင်ပေါ်သို့ ငါတက်မည်။ ဘုရားသခင်၏ ကြယ်တို့အပေါ်မှာ ငါ့ပလ္လင်ကို ငါချီးမြှောက်မည်။ မြောက်မျက်နှာဘက်၊ ဗျာဒိတ်တော် တောင်ပေါ်မှာ ငါထိုင်မည်။ (14) မိုဃ်းတိမ်ထိပ်ပေါ်သို့ ငါ တက်မည်။ အမြင့်ဆုံးသော ဘုရားကဲ့သို့ ငါနေမည်ဟု စိတ်အကြံရှိလေပြီ။ ဟေရှာ ၁၄း၁၂-၁၄။

လူစီဖာသည် လှပသောကောင်းကင်တမန်တစ်ပါးအဖြစ် ဖန်ဆင်းခံခဲ့ရပြီး၊ ကောင်းကင်တမန်များအလယ်တွင် ဦးစားပေးခံခဲ့ရသည်။ သူ့ကို **ἐκ** $\rightarrow \delta\iota\alpha$ **= ζωη** ၊ မူလဇစ်မြစ်→ဇာတ်ကြောင်း = အသက် ၏နိယာမနှင့်အညီ လုပ်ဆောင်သော စကြဝဠာတစ်ခုထဲသို့ ခေါ်ဆောင်လာခဲ့သည်။ စကြဝဠာတွင် နေထိုင်သူအားလုံးတို့သည် ဘုရားသခင့်သားတော်၏စံနမူနာကို ခံယူနေသမျှကာလပတ်လုံး ခမည်းတော်နှင့် သားတော်စပ်ကြားရှိ သဟဇာတဖြစ်မှုကို မျှဝေခံစားရကြသည်။ အရာခပ်သိမ်း၏ စစ်မှန်သောအရင်းအမြစ်မှာ ခမည်းတော်ပင်ဖြစ်သည်။ စကြဝဠာကြီး၏ သဟဇာတဖြစ်ခြင်းသည် ဤအကြောင်းတရားကို အမြဲတမ်းအသိအမှတ်ပြုခြင်းအပေါ်မူတည်သည်။ "ငါတို့၏ ဘုရားသခင် ထာဝရဘုရားသည် တဆူတည်းသောထာဝရဘုရား ဖြစ်တော်မူ၏။" တရားဟောရာကျမ်း ၆း၄။

လူစီဖာက သူရရှိသောအရာအားလုံးသည် သူ့အားဖြင့်သာဖြစ်ကြောင်းနှင့် မိမိကိုယ်ကို ဘုရားဖြစ်ကြောင်း ယုံကြည်လာခဲ့သည်။ ဤလိမ်လည်မှုကြောင့် မိမိကိုယ်ကို အမြင့်ဆုံးသောခမည်းတော်နှင့် တူကြောင်း ဖော်ပြခဲ့သည်။ လူစီဖာသည် ခမည်းတော်ကို ဖယ်ရှားရန် မကြံစည်ခဲ့သော်လည်း သူနှင့်တန်းတူ ပုဂ္ဂိုလ်ဖြစ်ကြောင်း ဖော်ပြလိုခဲ့သည်။ သူသည် သားတော်အားဖြင့် ခမည်းတော်ကို ရှုမြင်လိုခြင်း မရှိတော့ပေ။ သူသည် မိမိကိုယ်ကို စကြဝဠာအရင်းအမြစ်အဖြစ် လုပ်ဆောင်ရန်သာမက စကြဝဠာကို အုပ်ချုပ်ရန်ပင် မျှော်မှန်းခဲ့သည်-

**ἐκ→ and ἐκ→**

**(ဇစ်မြစ်) နှင့် (ဇစ်မြစ်)**



သူအဆိုပြုထားသော ဤပုံသေနည်းသည် **ἐκ** $\rightarrow \delta\iota\alpha$ = ζωη- (ဇစ်မြစ် -ဇာတ်ကြောင်း - အသက်) ဆက်နွှယ်စီးဆင်းမှုကို ရပ်တန့်စေခဲ့သည်။
**ἐκ**→ပကတိအရင်းအမြစ်နှစ်ခု၏စွမ်းအားများသည် သဘာဝတင်းမာမှုကိုဖြစ်စေသောကြောင့် တစ်ဖန်ပြန်လည်စုစည်းဖို့ရန် သို့မဟုတ် ဟန်ချက်ညီဖို့ရန် လိုအပ်လာသည်။

ၵင်းကိုပုံသေနည်းတစ်ခုအနေဖြင့်ဤသို့ ကျွန်ုပ်တို့ ဖော်ပြနိုင်သည်။



**ἐκ→ ζωη(အသက်)← ἐκ**
**(ဇစ်မြစ်) ↓ (ဇစ်မြစ်)**

**ἐκ (ဇစ်မြစ်)**

**ἐκ**→စွမ်းအားနှစ်ခု၏ ထိခိုက်မှုအားဖြင့် ဆန်းကြယ်သောအရာတစ်ခု ဖြစ်ပေါ်လာသည်။ တစ်ဦးတစ်ယောက်၏စွမ်းဆောင်နိုင်ခြင်းကို အများသူငါကောင်းစားရေးအတွက် စွန့်လွှတ်အနစ်နာခံသည့် အခြေအနေများစွာလည်းရှိသည်။ δια·—— ဓာတ်ကြောင်းကိုဖယ်ရှားလျှင် ဤပုံသေနည်းအသစ်ကို တွေ့ရှိရသည်။ ထို့ကြောင့် စကြာဝဠာအတွင်း သဟဇာတဖြစ်မှုကို ထိန်းသိမ်းရန် လူတစ်ဦးချင်းစီသည် **ἐκ**→ အရင်းအမြစ်အပေါ်အခြေခံ၍ ကိုယ်ပိုင်ဝိသေသလက္ခဏာကို တွေ့ရှိသောကြောင့် အစဉ်မပြတ်ပဋိပက္ခ များရှိလာသည်။ လူစီဖာသည် သူ့စကားကို နားထောင်မည့်သူအားလုံးကို ဤသို့ကတိပေးခဲ့သည်-

> …ထိုအသီးကို စားသောနေ့၌ သင်တို့သည် မျက်စိပွင့်လင်းလျက် ကောင်းမကောင်းကို သိ၍၊ ဘုရား သခင်ကဲ့သို့ ဖြစ်ကြလတံ့သည်ကို၊ ဘုရားသခင်သိတော်မူသည်ဟု မိန်းမအားဆို၏။ ကမ္ဘာ ၃း၅။

ထို့ကြောင့် ကမ္ဘာဦးမှပင် ဘုရားသခင်၏ ကြီးမြတ်သောသားတော်ကို ဖယ်ရှားရန် လူစီဖာစီမံခဲ့သည်။[13] သားတော်ကိုဖယ်ရှားပြီး သူအလိုရှိသော မည်သည့်အတွေးအခေါ်နည်းဖြင့်မဆို စကြာဝဠာအရင်းအမြစ်၏အစိတ်အပိုင်းဖြစ်လာရန် လူတိုင်းကိုဖိတ်ခေါ်လိမ့်မည်။ အရာခပ်သိမ်းကိုဘုရားအဖြစ် ကိုးကွယ်ခြင်း[14] အားဖြင့် ၎င်းတို့ကိုယ်တိုင်ဘုရားဖြစ်လာသည့်အတွက် အမှန်အားဖြင့် မည်သည့်ဓာတ်ကြောင်းနိယာမမျှမလိုအပ်ကြောင်း ယုံကြည်စေသည်။ မည်သည့်အရာမဆို ဓာတ်ကြောင်း၏နိယာမအဖြစ်ဟန်ဆောင်နိုင်ပြီး **ἐκ**→ဇစ်မြစ်တစ်ခုအဖြစ်ထင်ရှားစေပါသည်။

ဤသည် စကြာဝဠာကြီး၏ ကြီးမားသောစစ်ပွဲ၏မူလအစ ဖြစ်သည်။ ၎င်းသည် ပထမဆုံး ကောင်းကင်သား နှစ်ပါးတို့၏ အခြေခံဆက်ဆံရေးနားလည်မှုနှစ်ခုအကြားတွင် ဖြစ်သည့် စစ်ပွဲတစ်ပွဲ ဖြစ်သည်။

| ကျမ်းစာ၌ ဘုရားသခင့်ပုံစံ | ဤလောကဘုရား၏ပုံစံ |
|---|---|
| **ἐκ** → δια= ζωη<br>**ဇစ်မြစ်** → **ဓာတ်ကြောင်း = အသက်** | **၁. ἐκ** → ζωη← **ἐκ**<br>**(ဇစ်မြစ်) ↓ (ဇစ်မြစ်)**<br>**၂. ἐκ (ဇစ်မြစ်)** |

---

[13] ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၈း၄၄…မာရ်နတ်သည် ရှေးဦးစွာမှစ၍ လူအသက်ကိုသတ်သောသူ…

[14] အရာခပ်သိမ်းသည်ဘုရားဟု ယုံကြည်မှုဝါဒဆိုသည်မှာ မည်သည့်ဘာသာရေးယုံကြည်မှုမဆို (သို့မဟုတ်) အတွေးအခေါ်ဆိုင်ရာအယူဝါဒဖြစ်ပြီး ဘုရားသခင်ကို စကြာဝဠာနှင့်ဖော်ပြခြင်းသာ ဖြစ်သည်။

"သင်တို့သည် ကေန်အမှန် သေရမည်မဟုတ်၊...ဘုရားသခင်ကဲ့သို့ ဖြစ်ကြလတ္တံ့။" ကမ္ဘာဦးကျမ်း ၃း၄၊၅ ဤမုသားကို ကျွန်ုပ်တို့၏မိဦးဖဦးတို့ လက်ခံခဲ့ချိန်မှစ၍ ဤလောက၏ဘုရားပုံစံကို အမွေရရှိခဲ့ကြသည်။ ဤသို့လောကဘုရား (စာတန်) ၏မုသာစကားကို လက်ခံခြင်းအားဖြင့် သဟဇာတဖြစ်ပြီးသော ဇာတ်ကြောင်းကို မိမိတို့ကိုယ်တိုင် ဇစ်မြစ်ဖြစ်လာဖို့ရန် လဲလှယ်လိုက်ခြင်း ဖြစ်သည်။ ခရစ်တော် ဤလောကသို့ ကြွလာသောအခါ ကျွန်ုပ်တို့သည် သူ့ကို ဆက်ဆံကြပုံကိုထောက်ရှုလျှင် ယခုဤမုသားသည် လူသားတို့အထဲတွင် တည်ရှိသည်ကို သက်သေထူ နေပါသည်။ သူသည် လက်ဝါးကပ်တိုင်မှာ ချိတ်ဆွဲခံပြီးသတ်ဖြတ်ခံခဲ့ရသည်။ သားတော်၏ နာခံလို သောသဘော၊ နူးညံ့သိမ်မွေ့သော သဘော သည် ကျွန်ုပ်တို့အမွေဆက်ခံခဲ့သော သဘောနှင့် ကိုက်ညီမှု မရှိလှပါ။ ကျွန်ုပ်တို့၏ကနဦးမိဘများသည် ဘုရားသခင်အား ပုန်ကန်ခြင်းသဘောကို လူစီဖာ ထံမှ တိုက်ရိုက်ရရှိခြင်း ဖြစ်သည်။

စိတ်ဝင်စားစရာမှာ "ယုတ္တိဗေဒနည်းကျ အမှန်တရားကိုရှာဖွေခြင်း" ဟူသောအယူအဆသည် ၅၃၅-၄၇၅ ဘီစီစောပိုင်းတွင် ဖေက်မြို့သား ဟယ်ရာခလစ်တပ်စ်(Heraclitus)၏ တွေးခေါ်မှု၌ ရှိသော အချက်ပင်ဖြစ်သည်။ သူသည် အတွင်းကျကျဆန့်ကျင်ခြင်းနှင့် အတိုက်အခံ၏ရလဒ်တစ်ခုအနေဖြင့် အရာခပ်သိမ်းသည် စဉ်ဆက်မပြတ်ပြောင်းလဲမှုရှိကြောင်း အဆိုပြုထားခဲ့သည်။ ရှင်ပေါလု၏ ကောရိန္သုမြို့သားများထံသို့ရေးသားချက်ကိုကြည့်ပါ။

> ငါတို့ဟောပြောသော ဧဝံဂေလိတရားသည် ဖုံးအုပ်လျက်ရှိလျှင်၊ ဆုံးရှုံးခြင်းသို့ရောက်သော သူတို့ အားသာဖုံးအုပ်လျက်ရှိ၏။ ထိုသို့မယုံကြည်သောသူတို့ကား၊ ဘုရားသခင်၏ပုံသဏ္ဌာန်တော် တည်း ဟူသော ခရစ်တော်၏ဘုန်းအသရေနှင့်ပြည့်စုံသော ဧဝံဂေလိတရား၏အရောင်သည် အလင်းကို မပေးစေခြင်းငှါ၊ ဤလောကကို အစိုးရသောဘုရားသည်သူတို့၏ ဉာဏ်မျက်စိကို ကွယ်စေ၏။ ၂ကော ၄း၃၊ ၄။

ဤလောက၏ဘုရားက ကျွန်ုပ်တို့၏စိတ်မျက်စိကိုကွယ်စေသောအခါ ဘုရားသခင့်စံနမူနာကို နားလည်ရန် မဖြစ်နိုင်ပါ။ ကျွန်ုပ်တို့၏စိတ်သည် ဘုရားသခင်၏ပုံစံကို မှန်ကန်စွာနားလည်ပြီးအသစ် ပြန်လည်စတင်ရန်လိုအပ်သည်။ တစ်နည်းအားဖြင့် မှားယွင်းသောအတွေးအခေါ်များကို ကိုးကွယ်ခဲ့ခြင်းအတွက် နောင်တရရန်လိုအပ်ပါသည်။ ဤဖြစ်ရပ်ကို သမ္မာကျမ်းစာထဲတွင် သေခြင်းနှင့် နှိုင်းယှဉ်ထားသည်။ အဘယ်ကြောင့်ဆိုသော် လောကဘုရားမှ သွတ်သွင်းထားသောအမြင်၊ ယုံကြည်မှုအားလုံးကို စွန့်လွှတ်ရမည့်အတွက်ကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့သည် လူစီဖာ၏ဩဇာလွှမ်းမိုးမှု အောက်တွင် ရှိနေသောကြောင့် ကိုယ်တိုင်အခြားဦးတည်ချက်ထားဖို့ရန် မည်သည့်နည်းနှင့်မှ မဖြစ်နိုင်တော့ချေ။ ဇာတ်ကြောင်းမူလအစသို့ ပြန်သွားရန် တစ်ခုတည်းသောနည်းလမ်းမှာ သင့်အား ကူညီရန်နှင့် သင်ကြားပေးရန် ဘုရားသခင်၏ သားတော်ယေရှုထံ တောင်းဆိုခြင်းပင်ဖြစ်သည်။

ဖြစ်ပေါ်နေသော ပြဿနာများစွာကို အချက်ကျကျ သုံးသပ်ကြည့်ကြပါစို့။ ဘုရားသခင့်စံပုံစံ၌ "အရာအားလုံး"သည် တစ်ခုတည်းသောဇစ်မြစ်မှ ထွက်ပေါ်လာသည်။ ဆိုလိုသည်မှာ ပကတိ အမှန်တရားအတွက် အရင်းအမြစ်တစ်ခုသာရှိသည်။ "ဤလောကဘုရား၏ပုံစံ"တွင် မူလဇစ်မြစ်နှစ်ခု ရှိသည်ဟုဖော်ပြသည်။ ထို့ကြောင့် သင့်၌ "အမှန်တရား" အတွက်အမြင်များစွာရှိပြီး "အမှန်တရားသည် ပုဂ္ဂလ ဓိဋ္ဌာန်ကျခြင်း(subjectivity) ဖြစ်သည်" ဟူသော ဒိန်းမတ်အတွေးအခေါ်ပညာရှင် ဆိုရမ်ကိုင်ယာကီဂါးဒ်(၁၈၁၃-၁၈၅၅) ၏အဆိုကို လမ်းညွှန်စေသည်။ ကွဲပြားခြားနားသော အမှန်တရားများသည် တစ်ခုနှင့် တစ်ခုယှဉ်ပြိုင်ခြင်းဖြင့်ဖြစ်စေ၊ ထူးဆန်းစွာ ပေါင်းစည်းခြင်းအားဖြင့် ဖြစ်စေ၊ အလွန်တည်မြဲသယောင် ရှိသော်လည်း အခြေအမြစ်မရှိသော သဲသောင်ပေါ်တွင် တည်ဆောက်ခြင်းသာဖြစ်သည်။ လူသားများ သည် ယင်းသို့ အခြေအမြစ်မရှိသောအရာများကို အမှန်တရားဟု လက်ခံကြရုံမက အခြားသူများအား လည်း စည်းရုံးသိမ်းသွင်းနေကြသောအခါ စစ်မှန်သည့်တစ်ခုတည်းသော အမှန်တရားသည် ပျောက်ကွယ် လုသယောင် ဖြစ်နေ လေသည်။

“ဤလောကဘုရား၏ပုံစံ”တွင် အကြွင်းမဲ့အမှန်တရားမရှိသကဲ့သို့ မိမိကိုယ်ပိုင် “အမှန်တရား”ကို တည်ဆောက်ရာတွင် ကလဲ့စားချေခြင်း၊ လှည့်ဖြားခြင်းနှင့် နောက်ဆုံးတွင်ဖိအားပေးခြင်း စသည့်အရာများ ပါဝင်သည်။ နိုင်လိုမင်းထက်ပြုသူများသည် မတူညီသောအုပ်စုများကို အမှားများစွာပါဝင်သော “အမှန်တရားများ”ကို သွတ်သွင်းနိုင်သောသူများဖြစ်ကြောင်း သမိုင်းကဖော်ပြသည်။ ဤသို့သောအား ဖြင့် တစ်ဦးတစ်ယောက်စီ၏ စွမ်းဆောင်နိုင်မှုကို လျော့ကျစေသည်။ အဖွဲ့အစည်းအတွင်း ဆန့်ကျင်မှု များ တိုးပွားလာလေ ထိုပြဿနာများကိုဖြေရှင်းရန် လိုအပ်လေဖြစ်သည်။ ၎င်းပြင် ထို နိုင်လိုမင်းထက်ပြုသူများသည် မိမိတို့၏အာဏာကျယ်ပြန့်ဖို့ရန်အတွက်သာ အလေးထားကြောင်းကိုလည်းတွေ့ရှိရပေသည်။ နိုင်ငံရေးလောကတွင် မဲဆွယ်စည်းရုံးပြီးနောက် မဲအရေအတွက်များသူက အနိုင်ရရှိသည်မှာအမြဲပင်။ ထို့ ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးရှိ နိုင်ငံရေးဖြစ်စဉ်များသည် အမှန်တရားကို လိမ်လည်လှည့်ဖြားခြင်းနှင့် ဖိနှိပ်ခြင်းသာဖြစ်ကြောင်း တွေ့ရသည်။ ထိုခံစားချက်များသည် အဆုံးတွင် တော်လှန်ရေးနှင့် အာဏာပြန်လည်နေရာချထားရေးဆီသို့ ဦးတည်သွားနိုင်သည်။ ခေါင်းဆောင်မှု လွဲပြောင်းနေစဉ် နောက်ဆုံးတွင်ပြဿနာများ ပြန်ပေါ်လာသည်။ အဘယ်ကြောင့်ဆိုသော် ဤအရာသည် တူညီသော အမှန်တရားအပေါ်အခြေခံထားခြင်းကြောင့်ဖြစ်သည်။

ဖေက်မြို့မှ ဟယ်ရာခလစ်တပ်စ် ပြောဆိုခဲ့သည့်အကြောင်းမှ ဤအတွင်းပဋိပက္ခကို ယခု ကျွန်ုပ်တို့ လေ့လာ ကြည့်ကြစို့။ လူစီဖာ၏သင်ကြားမှုသည် စိတ်-ခန္ဓာကိုယ်ဆက်နွယ်မှုတွင်လည်းကောင်း၊ အထူးသဖြင့် အကြောင်းပြချက် - စိတ်ခံစားချက်တွင်လည်းကောင်း အဘယ်မျှလောက် ရှုပ်ထွေးမှုများ၊ ပဋိပက္ခများကို ဖြစ်စေကြောင်း ကျွန်ုပ်တို့ တွေ့မြင်ရပါလိမ့်မည်။

## အခန်း ၈

## အသက်ဝိညာဉ်အတွက်ဥပုသ်နေ့၊ တစ်ပတ်အတွင်း နားရာရက်ရှာဖွေခြင်း

လူကိုဖန်ဆင်းခြင်း ဖြစ်စဉ်အကြောင်းကို သမ္မာကျမ်းစာတွင် ဤသို့ဖော်ပြထားသည်မှာ။

> ...ထာဝရအရှင်ဘုရားသခင်သည် မြေမှုန့်ဖြင့် လူကို ဖန်ဆင်း၍၊ သူ၏နှာခေါင်းထဲသို့ ဇီဝအသက်ကို မှုတ်တော်မူလျှင်၊ လူသည် အသက်ရှင်သော သတ္တဝါ ဖြစ်လေ၏။ ကမ္ဘာဦးကျမ်း ၂း၇။



လူသည် ဇီဝအသက်၊ လေနှင့် ခန္ဓာကိုယ်တို့ ပေါင်းစပ်ခြင်းကြောင့်အသက်ရှင်သောသတ္တဝါ ဖြစ်လာကြောင်း ကျွန်ုပ်တို့သိရှိရသည်။ ထို့ကြောင့် ဇီဝအသက်နှင့် ခန္ဓာကိုယ် (သို့) ခန္ဓာကိုယ်နှင့် စိတ် ဒြပ်စင်နှစ်ခုကြား မည်သည့်ဆက်နွယ်မှုရှိသနည်း။ "စိတ်ခန္ဓာပြဿနာ" ဟူသည့် ဝေါဟာရကို အင်တာနက်တွင် သင်ရှာဖွေလျှင် ဤမေးခွန်း၏ အဖြေကို အောက်ပါအတိုင်း တွေ့ရလိမ့်မည်။

> စိတ်ပညာ(နှင့်အတွေးအခေါ်)၌ စိတ်/ခန္ဓာကိုယ်ဆိုင်ရာ အဓိကမေးခွန်းများတွင် တစ်ခုမှာ စိတ်သည်ခန္ဓာကိုယ် အစိတ်အပိုင်းလား (သို့) ကိုယ်ခန္ဓာသည်စိတ်၏ အစိတ်အပိုင်းလားဟူသော မေးခွန်းပင်ဖြစ်သည်။ အကယ်၍ ၎င်းတို့သည် ကွဲပြားခဲ့ပါက သူတို့အပြန်အလှန် မည်သို့ဆက်သွယ်ကြသနည်း။ ထိုနှစ်ခုတွင် အဘယ်သူသည် တာဝန်ခံဖြစ်သနည်း။[15]

ဤမေးခွန်းများကို ကျွန်ုပ်တို့ ဆွေးနွေးခဲ့သည့်ပုံစံနှစ်မျိုးဖြင့် စမ်းသပ်ကြည့်ကြစို့။

| သမ္မာကျမ်းစာမှ ဘုရားသခင့်ပုံစံ | ဤလောကဘုရား၏ပုံစံ |
|---|---|
| **ἐκ → δια = ζωη**<br>**ဇစ်မြစ် → ဇာတ်ကြောင်း = အသက်** | **1. ἐκ → ζωη ← ἐκ**<br>**(ဇစ်မြစ်) ↓ (ဇစ်မြစ်)**<br>**2. ἐκ (ဇစ်မြစ်)** |

ကျွန်ုပ်တို့သည် မမြင်ရသောအရာနှင့် မြင်နိုင်သောဝိသေသလက္ခဏာကို အသုံးချသောအခါ ဘုရားသခင့်ပုံစံ၌ ပါဝင်သောအရာများကို ခွဲခြားသိမြင်ရန် လွယ်ကူသည်။ ရှင်းနေသည်မှာစိတ်သည် မမြင်ရသောအရာ၊ ခန္ဓာကိုယ်သည် မြင်နိုင်သောအရာ ဖြစ်သည်။ ထို့ကြောင့် ၎င်းကိစ္စတွင် ကျွန်ုပ်တို့၏ ဖော်မြူလာသည်-

**စိတ် → ခန္ဓာ = အသက်**

ကျွန်ုပ်တို့သည် အထက်ပါဝိသေသလက္ခဏာများအတိုင်း အသုံးချပါက စိတ်သည် ကိုယ်ခန္ဓာ၏ အုပ်ချုပ်သူ သို့မဟုတ် ညွှန်ကြားသူဖြစ်သည်ကို တွေ့ရသည်။ ကိုယ်ခန္ဓာသည် စိတ်ကို ထုတ်ဖော်ပြ

[15] http://www.simplypsychology.org/mindbodydebate.html

သသည့် ဇာတ်ကြောင်းဖြစ်သည်။ စိတ်၏အကြံအစည်များသည် အသံနှင့်ခန္ဓာကိုယ်၏ လှုပ်ရှားမှုများမှ တစ်ဆင့်ဖော်ပြသည်။ တမန်တော်ပေါလုက စိတ်နှင့် ခန္ဓာကိုယ်၏ဆက်စပ်မှုကို ဤသို့ပြောကြားခဲ့သည်။

> ...သူတပါးကို ဆုံးမပြီးမှ ကိုယ်တိုင်ရှုံးသောသူ မဖြစ်ရမည်အကြောင်း၊ ကိုယ်ကိုထိုး၍ နှိပ်စက်လေ့ရှိ၏။ ၁ကောရိန္သု ၉း၂၇။

ခန္ဓာကိုယ်သည် စိတ်၏အုပ်ချုပ်မှုအောက်တွင် ရှိသည်။ သို့သော်လည်း ကျွန်ုပ်တို့သည် ဘုရားသခင့်ပုံစံ၏ ဝိသေသလက္ခဏာများကို လိုက်နာရန်သတိထားရမည်ဖြစ်သည်။ စိတ်သည် ခန္ဓာကိုယ်ကိုကာကွယ်ပေးသောကြောင့် ခန္ဓာကိုယ်အတွက်ကောင်းစွာစားရန်၊ လေ့ကျင့်ခန်းပြုလုပ်ရန်နှင့် လုံလောက်သောအနားယူရန် တောင်းခံပေးသည်။ ၎င်းသည် ကိုယ်ခန္ဓာကိုဖိနှိပ်ခြင်း တရားအားထုတ်ခြင်း[16]နှင့် ခန္ဓာကိုယ်ရိုက်နှက်ခြင်းတို့ကို အလေးပေးသော ပလေတို၏ အတွေးအခေါ်များနှင့်လည်း ဆန့်ကျင်ဘက်ဖြစ်သည်။ ဤစိတ်ကူးသည် ကျွန်ုပ်တို့ ရှာဖွေတွေ့သကဲ့သို့ ဖန်ဆင်းခံသတ္တဝါပုံစံ၏ အကျိုးဆက်များထဲမှတစ်ခု ဖြစ်သည်။ ဤခေတ်သစ်ပုံစံတွင် ကျွန်ုပ်တို့ တွေ့မြင်ရသည်မှာ-

၁. စိတ်→ အသက် ← ခန္ဓာကိုယ်  (ဒွိတ္တဝါဒ)
(သို့)
၂. စိတ်/ခန္ဓာကိုယ်  (နှစ်ခုခွန်မတွဲခြင်းဝါဒ)[17]

စိတ်နှင့်ခန္ဓာကိုယ်ကို အရင်းအမြစ်နှစ်ခုအဖြစ် နားလည်သဘောပေါက်သောအခါ ၎င်းဆန့်ကျင်ဘက်နှစ်ခုကိုသဟဇာတဖြစ်စေရန် လိုအပ်လိမ့်မည်။ တစ်စုံတစ်ဦးဆာလောင်မွတ်သိပ်သောအခါ ကိုယ်ခန္ဓာမှအချက်ပြသည်။ ထို့နောက် စိတ်မှမည်သည့်အရာကိုစားရမည် (သို့) မည်သည့်ပမာဏ စားရမည်ကိုဖော်ပြသည်။ မေးခွန်းမှာ ကိုယ်ခန္ဓာ၏ဆာလောင်ခြင်းသည် တောင်းဆိုမှုလော(သို့) အမိန့်ပေးခြင်းလော။ ဘုရားသခင်၏စံညွှန်းအရ ၎င်းသည်တောင်းဆိုမှုဖြစ်သည်။ ကိုယ်ခန္ဓာ ကောင်းကျိုး (သို့) ဆိုးကျိုးဖြစ်နိုင်ချေကို စိတ်မှသုံးသပ်ပြီးနောက်တုံ့ပြန်မှုပေးသည်။ အကယ်၍ ခန္ဓာကိုယ်၏လုပ်ဆောင်မှုများသည် စိတ်၏ညွှန်ကြားမှုကို လက်ခံလျှင် အငြင်းပွားစရာမရှိပေ။ သို့မဟုတ်ပါက အငြင်းပွားစရာအကြောင်းနှင့်တကွ နောက်ဆက်တွဲဆိုးကျိုးများပင် ခံစားရနိုင်သည်။ ကမ္ဘာပေါ်တွင် အဝလွန်ခြင်းနှင့် လူနေမှုဆိုင်ရာရောဂါများဖြစ်ရခြင်းအကြောင်းရင်းမှာ စိတ်ကိုခန္ဓာကိုယ်နှင့်တန်းတူထားရှိသောကြောင့်ဖြစ်သည်။

ဘုရားသခင်၏စံနမူနာတွင် ကိုယ်ခန္ဓာအပေါ်စိတ်၏ထိန်းချုပ်မှုရှိခြင်းကြောင့် စိတ်နှင့်ကိုယ်ခန္ဓာသဟဇာတရှိကြောင်းတွေ့ရသည်။ စိတ်သည် ကိုယ်ခန္ဓာကို ဂရုစိုက်ကာကွယ်ပေးသည်။ ခန္ဓာကိုယ်သည် စိတ်ကိုပြုစုပျိုးထောင်ပြီး၊ ယင်း၏စဉ်းစားတွေးခေါ်မှုနှင့် အလိုကို ထုတ်ဖော်ပြန့်ပွားစေသည်။ စိတ်နှင့်ခန္ဓာကိုယ်သည် ကြီးမြတ်သောဇစ်မြစ်-ဇာတ်ကြောင်းဖော်မြူလာအရ လည်ပတ်နေသရွေ့၊ ၎င်းသည် စိတ်ဝိညာဉ်အတွင်း စစ်ပွဲတစ်ခုကိုတားဆီးကာ ငြိမ်သက်မှုကို ရရှိစေလိမ့်မည်ဖြစ်သည်။ ဤအရာသည် စကြဝဠာ၏ကြီးမားသောဇစ်မြစ်ဖြစ်သည့် ငြိမ်သက်နားနေခြင်းကို ယူဆောင်လာပေးသော ဘုရားသခင့်သားတော်၏အရည်အသွေးများပင်ဖြစ်သည်။ သခင်ယေရှုသည် ကျွန်ုပ်တို့ကို ဤသို့ပြောထားသည်။

---

[16] ရဟန်းဘဝသင်ပညာရေးသည် ဘာသာရေးနှင့်ဆိုင်သောဘဝလမ်းစဉ်တစ်ခု ဖြစ်သည်။ သူသည်ဝိညာဉ်ရေးရာလုပ်ငန်းတွင်မိမိကိုယ်ကိုအပြည့်အဝမြှုပ်နှံရန်လောကီရေးရာများကို စွန့်လွှတ်သည်။ ရဟန်းသင်ပညာရေးတွင် သွေးသားဆန္ဒများအားနည်းစေရန်နှင့် ဖိနှိပ်ရန်အတွက် ခန္ဓာကိုယ်ဆင်းရဲဒုက္ခများမှတဆင့် တင်းကျပ်သော စည်းကမ်းချက်ပါဝင်သည်။

[17] https://en.wikipedia.org/wiki/Mind-body_problem

ဝန်လေး၍ ပင်ပန်းသော သူအပေါင်းတို့၊ ငါ့ထံသို့ လာကြလော့။ ငါသည် ချမ်းသာပေးမည်။
ရှင်မဿဲခရစ်ဝင်ကျမ်း ၁၁း၂၈။


ကျွန်ုပ်တို့၏အသက်တာသို့ ခရစ်တော်၏ဇာတ်ကြောင်းနိယာမ သက်ရောက်စေရန် ခွင့်ပြုသည့်အခါ စိတ်နှင့်ကိုယ်ခန္ဓာ၏သဟဇာတဖြစ်မှု စတင်လာသည်။ ဤသဟဇာတဖြစ်မှုအကျိုးကို ဥပုသ်နေ့၌ (သို့) စိတ်ဝိညာဉ်အတွက် ငြိမ်သက်စွာနားရာနေ့တွင်ခံစားရသည်။

စိတ်နှင့်ခန္ဓာကိုယ်၏ပြဿနာသည် အကြောင်းပြချက်နှင့်စိတ်ခံစားမှု၏ ဆက်နွယ်မှုအထိတိုင် ကျယ်ပြန့်ကြောင်းတွေ့နိုင်သည်။ ဖော်မြူလာနှစ်ခုကို ထပ်မံအသုံးပြုကြပါစို့။ ဘုရားသခင်၏ပုံစံ၌ ကျွန်ုပ်တို့၏ သဲလွန်စမှာ အကြောင်းပြချက်သည် မမြင်ရသောအရာဖြစ်ပြီး စိတ်ခံစားမှုမှာမူ မြင်နိုင်သော ဖော်ပြချက်တစ်ခုအဖြစ် ပါဝင်သည်။

အကြောင်းပြချက် → စိတ်လှုပ်ရှားခံစားမှု = အသက်

အပြန်အလှန်အားဖြင့်“ မိမိ-ကိုယ်ပိုင်-ဘုရား” ဟူသော သတ္တဝါပုံစံတွင် ဤသို့ဖြစ်လာသည် -

၁. အကြောင်းပြချက်→ အသက် ← စိတ်ခံစားမှု
↓
၂. အကြောင်းပြချက်၏ လွှမ်းမိုးခြင်း “ဆင်ခြင်မှု အဓိကဝါဒ။”[18]
(သို့)
၃. စိတ်ခံစားမှု၏ လွှမ်းမိုးခြင်း “သင့်ကိုဦးဆောင်ဖို့ သင့်ခံစားချက်များကို ခွင့်ပေးလိုက်ပါ။”




သင်သည် အကြောင်းပြချက်နှင့် စိတ်ခံစားမှုဆိုင်ရာလေ့လာမှု တစ်ခုကိုပြုလုပ်ပါက ၎င်းတို့ကိုလိုက်လျောညီမှုရှိစေရန် ပေးထားသော အကြံဥာဏ်များစွာကို တွေ့လိမ့်မည်။ အကြောင်းပြချက်နှင့် စိတ်ခံစားမှုကို ဆန့်ကျင်သောရင်းမြစ်နှစ်ခုအဖြစ် ရှုမြင်ခြင်းအားဖြင့်၊ ၎င်းသည် အတွင်းစစ်ပွဲတစ်ခု ဖန်တီးသကဲ့သို့ဖြစ်နေသည်။ ပလေတိုသည် ဤအရာကိုဖော်ပြရာ၌ မြင်းဖြူတစ်ကောင်နှင့် မြင်းနက်တစ်ကောင် စစ်ရထားကို ဆွဲနေသကဲ့သို့ ကျွန်ုပ်တို့၏ဘဝတွင်လည်း အကြောင်းပြချက်နှင့် စိတ်ခံစားမှု၏အခြေအနေကို ဥပမာပေးဖော်ပြခဲ့သည်။ ပလေတိုက စိတ်ခံစားမှုသည် မြင်းနက်ဖြစ်ပြီး အကြောင်းပြချက်မှာ မြင်းဖြူဖြစ်သည် ဟုဆန့်ကျင်ဘက်သဘောသဘာဝကို နှိုင်းယှဉ်ခဲ့သည်။

အဖြူနှင့် အနက်ရောင်ဆန့်ကျင်မှုသည် အရှေ့နိုင်ငံမှ ယဉ်နှင့် ယန်တို့၏နိယာမတရား၌ အဆင့်တစ်ဆင့် ထပ်တိုးစေခဲ့သည်။ ၎င်းတွင် အဖြူ၏စိတ်နှလုံးမှာ အမည်းဖြစ်ပြီး၊ အမည်း၏စိတ်နှလုံးမှာ အဖြူဖြစ်သည်။ထို့ပြင်ကြယ်များ၏တိုက်ပွဲ *(Star Wars)* ရုပ်ရှင်စီးရီးများတွင် ဤဖော်ပြချက်၏ တစ်စိတ်တစ်ပိုင်းကို ကျွန်ုပ်တို့တွေ့နိုင်သည်။ ထိုနေရာတွင် ဂျက်ဒိ(Jedi)ကျင့်ဝတ်တရား၏စိတ်နှလုံးကို တည်ငြိမ်သော စိတ်၊ လူတစ်ဦး၏ခံစားချက်များဖြင့် စည်းမျဉ်းကို လမ်းညွှန်ကွပ်ကဲခြင်းပုံစံဖြင့် ဖော်ပြသည်။

[18] https://en.wikipedia.org/wiki/Chariot_Allegory

စိတ်ခံစားမှု၏အဓိကအချက်မှာ အကြောင်းပြချက် ဖြစ်သည်ဟု တစ်ဦးဦးကတုံ့ပြန်လိမ့်မည်။ သို့သော်လည်းဤအရာသည် အမှန်တရားကိုဆန်းစစ်ရှာဖွေမည့်အစား တစ်ဦး၏ဆန်းကြယ်မှုများ၊ နားမလည်နိုင်သော ဖြစ်တည်မှုများဆီသို့ ဆက်လက်ပို့ဆောင်စေသည်။ ဉာဏ်အလင်းရှိသူက သင်၏စိတ်အခြေအနေအသစ်ကို ဖော်ပြသော မေးခွန်းထုတ်ရန် အောက်ပါအတိုင်း ပြောကြားနေပါသည်။ သင့်စိတ် လက်မခံနိုင်သည့်အရာကို နှလုံးသား တွင် ထားရန်သာ ခွင့်ပေးလိုက်ပါ။ ဤအရာသည် နက်နဲသောအရာ ဖြစ်သည်။ ၎င်းကို သင်လက်ခံလိုက်ပါ ဟူ၍ပြောကြားနေသည်။





ဤရုပ်ထွေးမှုများ၊ ပဋိပက္ခများနှင့် စစ်ပွဲများအားလုံးသည် ဘုရားသခင့်စံပုံစံညွှန်းကိုလက်ခံခြင်းဖြင့်လည်းကောင်း၊ ဦးနှောက် (ဆင်ခြင်တုံတရား) နှင့် နှလုံးသား (စိတ်ခံစားမှု) တို့၏ ဆက်နွှယ်မှုကို လုံးလုံးလျားလျား အပ်နှံခြင်းဖြင့်လည်းကောင်း ရပ်တန့်သွားစေနိုင်သည်။ ဤဆက်နွှယ်မှုတွင် နှလုံးသားသည် စိတ်၏ဘုန်းတန်ခိုးကို ထင်ရှားတောက်ပစေသည်။ စစ်မှန်သည့် သဟဇာတကို ပြန်လည်တည်ဆောက်ရန်နှင့် စိတ်-ခန္ဓာကိုယ် ငြိမ်သက်ခြင်း ပေးရန် တစ်ပါးတည်း သောသားတော်က ကြီးမားသော (ဇာတ်ကြောင်း) ဖြစ်သည့် အသက်မုန့်ကိုစားရန် ကျွန်ုပ်တို့အား ဖိတ်ခေါ်နေသည်။

## အခန်း ၉

## ကျဉ်းသောလမ်းမှ ဘုရားသခင်ပုံသွင်းထားသော အသက်တာပုံစံသို့



မြင့်မားသောချောက်ကမ်းပါး (သို့မဟုတ်) အဆောက်အဦး တစ်ခုမှ တစ်စုံတစ်ယောက် အောက်သို့ခုန်ချသည်ကို သင် မြင်ဖူးပါသလား။ အလွန်မြင့်၍ အန္တရာယ်ရှိသောနေရာမှ အောက်သို့ခုန်ချရပြီး မြေပြင်သို့မရောက်မီ လေထီးကို ဖွင့်ရ သည့် ဤသို့သောအားကစားများကို အင်တာနက်ပေါ်က ဗွီဒီယို အတော်များများတွင်ကြည့်ရှုနိုင်ပါသည်။ ခုန်ချ သူများက ကြောက်စိတ်ကို ကျော်လွှားရမည်ဟု ပြောကြသည်။ “ဤလောက၏ ဘုရားပုံစံ”မှ မြင့်မြတ်သော ဘုရားသခင့်ပုံစံသို့ ကူးပြောင်းခြင်းသည် ဤဖြစ်စဉ်နှင့် ဆင်တူပါသည်။ ဘုရားသခင်၏ သန့်ရှင်းသောတောင် အကြောင်းအရာနှင့်စပ်လျဉ်း၍ သင်သည် ဘုရားသခင့် စံနမူနာကို ဖော်ပြပါက၊ ထိုနေရာတွင် ခမည်းတော်သည် အောက်ဖော်ပြသည်အတိုင်း တောင်ထိပ် ပေါ်၌ ကျိန်းဝပ်တော်မူသည်-




ဧစ်မြစ်(ရင်းမြစ်၊အစ)

ဓာတ်ကြောင်း(လမ်းကြောင်း)

သမ္မာကျမ်းစာသည် ခမည်းတော်နှင့် ပတ်သက်၍ ကျွန်ုပ်တို့အား ဤသို့ ဖော်ပြထားသည်။


> အကြောင်းမူကား၊ သန့်ရှင်းခြင်းဟု နာမရှိတော်မူထသော၊ အနန္တကာလတည်းဟူသော ဘုံဗိမာန်၌ စံတော်မူထသော၊ အထွဋ်အမြတ်ဖြစ်တော်မူသော ဘုရားမိန့်တော်မူသည်ကား၊ ငါသည် မြင့်မြတ် သန့်ရှင်းသော အရပ်၌နေ၏။.. ဟေရှာယအနာဂတ္တိကျမ်း ၅၇း၁၅။

ခမည်းတော်သည် တောင်ထိပ်၌တည်နေ၍၊ သူ့သားတော်(လမ်းကြောင်း)အားဖြင့်သာ အရာခပ်သိမ်း သည် သူ့ထံသို့ဝင်ရောက်နိုင်သည်။ ဘုရားသခင်၏သားတော်သည် သူ့ခမည်းတော်ကိုစိတ်နှိမ့်ချခြင်းနှင့် နာခံခြင်းဖြင့် အစေခံသည်။ ခမည်းတော်ပိုင်ဆိုင်သမျှအားလုံးကို သားတော်က အမွေဆက်ခံခဲ့သည်။ သို့သော်သူသည် လက်အောက်ခံအနေအထားဖြင့် ခမည်းတော်၏အခွင့်အာဏာအောက်တွင် ရှိနေ သည်။ လူစီဖာသည် ကျဆုံးပြီးနောက် စာတန်ဖြစ်လာပြီး၊ မိုးတိမ်ထိပ်များသို့တက်ပြီး အမြင့်ဆုံးသော ဘုရားကဲ့သို့ဖြစ်လာရန် ဆန္ဒရှိခဲ့သည်။

> သင်ကလည်း၊ ကောင်းကင်ပေါ်သို့ ငါတက်မည်။ ဘုရားသခင်၏ကြယ်တို့အပေါ်မှာ ငါ့ပလ္လင်ကို ငါ ချီးမြှောက်မည်။ မြောက်မျက်နှာဘက်၊ ဗျာဒိတ်တော်တောင်ပေါ်မှာ ငါထိုင်မည်။ (၁၄) မိုဃ်းတိမ်

ထိပ်ပေါ်သို့ ငါတက်မည်။ အမြင့်ဆုံးသောဘုရားကဲ့သို့ ငါနေမည်ဟု စိတ်အကြံရှိလေပြီ။ ဟေရှာယ အနာဂတ္တိကျမ်း ၁၄း၁၃-၁၄။

မိမိကိုယ်ကိုချီးမြှောက်ခြင်း လုပ်ငန်းစဉ်သည် အောက်ပါအတိုင်း ပေါ်လာနိုင်သည်။




ဇစ်မြစ် ↔ ဇစ်မြစ်

ဘုရားသခင်နှင့်တန်းတူဖြစ်ဖို့ မိမိကိုယ်ကိုချီးမြှောက်ရန်ကြိုးစားသည့်အပြင် ဘုရားဖြစ်သည်ဟုဆိုကာ ဘုရားသခင်၏ ဗိမာန်တော်၌ထိုင်ပြီး အလွန်မြင့်မားသောရာထူးကို သူလိုချင်နေသည်။ ထိုနေရာသည် ကျွန်ုပ်တို့ပိုင်ဆိုင်သော နေရာမဟုတ်သောကြောင့် ကျွန်ုပ်တို့သည် အလွန်မြင့်မားသော ချောက်ကမ်းပါး အစွန်းတွင် ရောက်ရှိနေသည်။ ဤအနေအထားမှ ကျွန်ုပ်တို့၏စစ်မှန်သောအနေအထားသို့ရောက်ရှိရန် စကြ်ာဝဠာ၏ကြီးမြတ်သော အရင်းအမြစ်၏လက်အောက်ခံခြင်း လိုအပ်သည်။ ဤသို့ မိမိတို့ဘာသာပြု လုပ်ရင် ကျွန်ုပ်တို့ထာဝရဆုံးရှုံးသွားမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင့်စံနမူနာတော်အတိုင်း သင့်လျော်သောနေရာသို့ပြန်လာရန် လမ်းဖွင့်ပေးနိုင်သောသူတစ်ဦးရှိသည်။ ထိုသူသည် ဘုရားသခင်၏ သားတော်ဖြစ်ပြီး ခမည်းတော်နှင့်တန်းတူဖြစ်သည်။ သူသည်ခမည်းတော်နှင့်အတူ ထိုတောင်ထိပ်တွင် ရပ်တည်ခွင့်ရှိသည်။ သို့သော် ကျရှုံးသွားသောလူသားများအတွက် သနားခြင်းကရုဏာတော်ဖြင့် ခရစ်တော်သည် အံ့သြဖွယ်ကောင်းလောက်အောင် နှိမ့်ချပေးခဲ့သည်။ ထို့ကြောင့် ခမည်းတော်နှင့် စစ်မှန်သောဆက်ဆံရေးသို့ ပြန်လည်ရောက်ရှိစေရန် သူသည် ကျွန်ုပ်တို့ကိုခေါ်ဆောင်ပေးသည်။

> ယေရှုခရစ်၌ရှိသော ထိုစိတ်သဘောကို သင်တို့၌လည်း ရှိစေကြလော့။ (၆) ထိုသခင်သည် ဘုရားသခင်၏ သဏ္ဌာန်တော်နှင့် ပြည့်စုံတော်မူသည်ဖြစ်၍၊ ဘုရားသခင်နှင့် ပြိုင်သောအမှုကို လုယူခြင်း အမှုဟူ၍ မထင်မမှတ်လျက်ပင်၊ (၇) မိမိအသရေကိုစွန့်၍ အစေခံကျွန်၏သဏ္ဌာန်ကို ယူဆောင်လျက်၊ လူကဲ့သို့သောအဖြစ်၌ ဘွားမြင်ခြင်းကို ခံတော်မူ၏။ (၈) ထိုသို့ လူ၏ဂုဏ်အင်္ဂါလက္ခဏာနှင့် ပြည့်စုံလျက်၊ အသေခံခြင်းသာမဟုတ်၊ လက်ဝါးကပ်တိုင်မှာ အသေခံခြင်းတိုင်အောင် အစေကျွန်ခံ၍ ကိုယ်ကိုကိုယ်နှိမ့်ချတော်မူ၏။ ဖိလိပ္ပိသြဝါဒစာ ၂း၅-၈။

တောင်ပေါ်မှကြီးမားသောခုန်ချခြင်း၌ ဘုရားသခင်၏သားတော်သည် ကျွန်ုပ်တို့ဘုရားသခင်၏ ပုံသဏ္ဌာန်ကို ပြန်လည်ရရှိရန်နှင့် သားတော်(ဇာတ်ကြောင်း)၏နိယာမများကို ထပ်မံလေ့လာရန် ကျွန်ုပ်တို့အတွက် လမ်းဖွင့်ပေးခဲ့သည်။ ကျွန်ုပ်တို့အတွက်စိန်ခေါ်မှုမှာ လေထီးခြင်းဖြစ်ပြီး ခုန်ချလျှင် မုချသေရန် ဖြစ်သည်။ ခရစ်တော်သည် ကျွန်ုပ်တို့အား စွဲကိုင်ထားပေးသည်ကို ကျွန်ုပ်တို့မမြင်နိုင်သော်လည်း ကျွန်ုပ်တို့ကျဆုံးခြင်း၏အကျိုးဆက်ကို ခံယူသည့်အနေဖြင့် အသေခံခဲ့ပြီဖြစ်သည်။ ထိုတစ်ကြိမ် အသေခံခြင်းသည် လူသားအားလုံးအတွက် အစဉ်အမြဲ လုံလောက်ပေသည်။

ဘုရားသခင်ကဲ့သို့ဖြစ်ချင်သောသူများ၊ မြင့်မြတ်ချင်သောသူများတို့သည် တောင်ပေါ်မှခုန်ဆင်းလိုသော သူများပင်ဖြစ်သည်။ သို့သော် ဤအခြေအနေနှင့်ပတ်သတ်၍ အန္တရာယ်ကိုမတွေ့မမြင်ခြင်းမှာ ဤလောက၏ဘုရားသည် ကျွန်ုပ်တို့၏ဝိဉာဉ်မျက်စိကို ကွယ်စေသောကြောင့်ဖြစ်ပါသည်။ ဘုရားသခင်၏ ပညတ်တော်သည် တောင်ပေါ်မှ မိုးခြိမ်းသံပေးနေသည်မှာ-

> ငါမှတပါး အခြားသောဘုရားကို မကိုးကွယ်နှင့်။ ကမ္ဘာဦးကျမ်း ၂၀း၃။

လျှပ်စီးလက်ခြင်းကို တွေ့မြင်ခြင်း၊ မိုးကြိုးသံကြားရခြင်းနှင့် တောင်တုန်ခါခြင်းများ ခံစားရသောအခါ ကျွန်ုပ်တို့၏ အခြေအနေသည် အန္တရာယ်ရှိနေပြီဖြစ်ကြောင်းသိနိုင်သည်။ ခုန်ချဖို့လိုအပ်ကြောင်း ကျွန်ုပ်

တို့ခံစားရသော်လည်း သေမှာကို ကျွန်ုပ်တို့ကြောက်ကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည်တောင်ပေါ်မှာ အေးခဲပြီး မရေမရာကျန်နေခဲ့ဆဲဖြစ်သည်။ ကျွန်ုပ်တို့အသက်ရှင်နိုင်သေးသည့် တစ်ခုတည်းသော အကြောင်းရင်းမှာ ကားတိုင်ပေါ်တွင် ချိတ်ဆွဲစဉ်သားတော်၏ ဆုတောင်းခြင်းကြောင့်သာ ဖြစ်သည်။ "အဖ၊ သူတို့၏အပြစ်ကို ခွင့်လွှတ်တော်မူပါ၊ သူတို့သည် ကိုယ်ပြုသောအမှုကို မသိကြ" ဟု မြွက်ဆိုတော်မူ၏။

တောင်ပေါ်သို့တက်လှမ်းခြင်းသည် ချက်ချင်းသေခြင်းကို ဆိုလိုသည်။ အဘယ်ကြောင့်ဆိုသော် မိမိကိုယ်ကိုချီးမြှောက်ရန် ကြိုးစားသောအခါ ကျွန်ုပ်တို့ သေတွင်းထဲသို့ချက်ချင်းကျသင့်သည်။ သို့သော် ကျွန်ုပ်တို့၏ကြီးလေးသောအပြစ်ကို သိလာရန်နှင့် ကျွန်ုပ်တို့အား အချိန်ပေးရန် ခရစ်တော်က ကျွန်ုပ်တို့၏ကိုယ်စား ခမည်းတော်ထံ တောင်းလျှောက်ပေးသည်။ ဘုရားသခင်၏ပညတ္တိကျမ်းအားဖြင့် သူ၏လက်တော်ထဲသို့ ပြေးဝင်၍ မိမိကိုယ်ကို ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေခံခွင့်နှင့် ဇာတ်ကြောင်း(ခရစ်တော်)အားဖြင့်တဖန်မွေးဖွားခြင်းရရှိရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ကနဦးမိဘများနှင့်တူသည်။ တောင်ခြေရင်းတွင် ဘုရားသခင့်သားတော်၏(ဇာတ်ကြောင်း) အဝတ်များကို ဝတ်ဆင်ထားပြီး ဘုရားသခင် ခေါ်တော်မူခြင်းကိုစောင့်နေခဲ့ကြသည်။

တောင်ပေါ်မှခုန်ချနိုင်သောနေရာကို ကျမ်းစာ၌ ကျဉ်းမြောင်းသောတံခါးဟုခေါ်သည်။ ဤလမ်းသည် အလွန်ကျဉ်းမြောင်းသောနေရာဖြစ်ပြီး၊ ကျွန်ုပ်တို့သည် ကယ်တင်ရှင်ကိုလက်ခံပြီးမှ သူနှင့်အတူ ခုန်ချနိုင်မည်ဖြစ်ပါသည်။

> ကျဉ်းသောတံခါးကို ဝင်ကြလော့။ ပျက်စီးခြင်းသို့ ရောက်သောလမ်းနှင့် တံခါးသည် ကျယ်ဝန်းသည် ဖြစ်၍ ဝင်သောသူတို့သည် များကြ၏။ ရှင်မဿဲခရစ်ဝင် ၇း၁၃။

ကျဉ်းသောတံခါးသည် လူအများစုအတွက်တွေ့ရန် ခက်ခဲသကဲ့သို့ ဝင်ရန်လည်း ခက်ခဲသည်။ ပထမဦးစွာ ကျဉ်းသောလမ်းထဲသို့ဝင်ရန် မလိုအပ်သည်ဟုထင်သောကြောင့် တွေ့ရန်ခက်ခဲသည်။ တံခါးကို တွေ့ရှိသည့်တိုင် ထိုကျဉ်းမြောင်းသောဝင်ပေါက်ကိုဝင်ရန် ဤဘဝအသက်တာ၌ ရှိသမျှ အားလုံးကို ချန်ထားရန်လိုအပ်ပေသည်။ ၎င်းသည်အပ်ပေါက်ကို ဖြတ်သန်းသွားသော ကုလားအုတ်နှင့် တူသည်။ ၎င်းအပ်သည် အလွန်တိုပြီး၊ ကျဉ်းမြောင်းသည့် ယေရုရှလင်မြို့ရိုးဖြစ်သည်။ အဓိက ဂိတ်တံခါးများကို ပိတ်လိုက်သည့်အခါ မြို့ထဲသို့လမ်းတစ်လမ်းတည်းဖြင့်သာ ဝင်နိုင်သည်။ ကုန်သည်တစ်ဦးသည် သူ၏ရတနာအားလုံးကို ကုလားအုတ်ပေါ်မှချပြီး ကုလားအုတ်ကို ဒူးထောက် စေကာ ထိုဝင်ပေါက်ကို ဖြတ်သွားစေရမည်။ ထို့ကြောင့်သူဌေးတစ်ဦး(မိမိကိုဝါကြွားချီးမြှောက်သူနှင့် မိမိ ဂုဏ်အသရေကို ကိုယ်စားပြုသော "ပစ္စည်း များ" အားလုံးကို တွယ်ကပ်နေသူ) သည် ကျဉ်းသော တံခါးသို့ဝင်ရန် ခက်ခဲသည်။ (မဿဲ ၁၉း၂၄)

ပညတ်တရားသည် မေတ္တာပါသောသတိပေးချက်အဖြစ် တောင်ပေါ်မှချိန်းချက်သောအခါ ကျွန်ုပ်တို့သည် ကိုယ်ပိုင်ရင်းမြစ်ဖြစ်သည် ဟူသောလိမ်လည်မှုသည် ကျွန်ုပ်တို့အား ထိတ်လန့်ကြောက်ရွံ့စေသည်။ အချို့သူများက ပညတ်တော်ကို သင်ကြားရန်မလိုအပ်တော့ပါ။ အရေးမကြီးတော့ပါ။ လက်ဝါးကားတိုင်မှာ အားလုံးပြည့်စုံသွားပြီဟု ယူဆကြသည်။ ခရစ်တော်သည် အသေခံခြင်းသည် လုံလောက်သည်။ ကျွန်ုပ်တို့သည် သူနှင့်အတူခုန်ရန်မလိုပါ။ ကျွန်ုပ်တို့သည် ကိုယ့်ကိုယ်ကိုနှိမ့်ချ၍ နောင်တရစရာ မလိုပါ။ ဤနည်းနှင့်အတူ အခြားလှည့်ဖြားခြင်းများစွာဖြင့် ကျဉ်းသောတံခါးကိုဖုံးအုပ်ထားကြသည်။ ထို့ကြောင့် သူတို့သည် ဘုရားသခင့် သားတော်၏(ဇာတ်ကြောင်း) ဝတ်လုံများကို မခြုံဘဲနေသော တောင်ပေါ်တွင်သာ ကျန်ရစ်နေသောသူများ ဖြစ်ကြသည်။

ဘုရားသခင့်သားတော်၏အသင်းတော် မင်္ဂလာဆောင်သည့်အချိန်၌ ဤအဝတ်မပါဘဲတောင်ပေါ်တွင် တွေ့ရှိသူများသည် တောင်ပေါ်မှတစ်ကိုယ်တည်း ခုန်ချရလိမ့်မည်။ ဘုရားသခင်၏သားတော်သည်

ပျောက်သောသိုးများ(သို့)အဝေးသို့ထွက်ခွာသွားသောသိုးများကို အကြိမ်ကြိမ်ခေါ်သော်လည်း သူတို့သည် နားထောင်ကြမည်မဟုတ်ပေ။ "ဤသူသည်ငါတို့ကိုအစိုးရလိမ့်မည်မဟုတ်" ဟုအော်ဟစ်ကြသည်။ ထို့ကြောင့်သူတို့သည် တစ်ယောက်တည်းခုန်ချကြကာ ကြားဖျန်ဖြေခြင်းအရာသည် လုံးဝမလိုအပ်ကြောင်း သက်သေပြပါလိမ့်မည်။



ချောက်ကမ်းပါးပေါ်မှ ရပ်ကြည့်ပြီး ထောင်ချီသောပေအမြင့်ကို ငုံ့ကြည့်လိုက်သောအခါ အလွန်ကြောက်မက်ဖွယ် ကောင်းလှသည်။ ဤအမြင့်ပေမှခုန်ချလျှင် ကျွန်ုပ်တို့သေမှာမုချပင်ဖြစ်သည်။ သို့သော် သခင်ယေရှု ကျွန်ုပ်တို့ကို ဤသို့ပြောခဲ့ပါသည်-

မိမိအသက်ကို နှမြောသောသူသည် အသက်ဆုံးလိမ့်မည်။ ဤလောက၌ မိမိအသက်ကိုမုန်းသော သူမူကား၊ ထာဝရအသက်ကို စောင့်ရှောက်လျက်နေ၏။ ရှင်ယောဟန်ခရစ်ဝင် ၁၂း၂၅။

အကယ်၍ သင်သည် ဘုရားသခင့်ပုံစံထဲကိုဝင်ရပြီး သင်နှင့်သက်ဆိုင်သောဆက်နွယ်မှုအားလုံးကို ပြန်လည်ထူထောင်ခြင်း၊ သဟဇာတ ဖြစ်စေသည့်သော့ကို ရှာဖွေတွေ့ရှိပြီး သင်ပိုင်ဆိုင်မည့် ထိုပျော်ရွှင်မှုနှင့် ကြွယ်ဝမှုကို သင်လိုချင်ပါသလား။ ဘုရားသခင်၏ ပညတ် တော်ကို သင်၏စိတ်နှလုံးထဲသို့ ဝင်ရန်ခွင့်ပေးလိုက်ပါ။  သင်၏ကိုယ်ပိုင် ရင်းမြစ်ဖြစ်သည်ဟု ဆိုးသွမ်းသော ယုံကြည်ခြင်းမှလွတ်မြောက်ရန် သင်၏မျက်စိဖွင့်ကြည့်ပါ။ အကယ်၍ ဤအရာသည်ကျွန်ုပ်တို့၏ကနဦး မိဘများထံမှ အမွေရထားသောအရာဖြစ်ကြောင်းကို သင်မမြင်နိုင်လျှင် သင်၏စိတ်နှင့်ကိုယ်ခန္ဓာကို ပျက်စီးစေသောအရာများကိုတွေ့မြင်ရန် ဆုတောင်းပါ။ ကျဉ်းမြောင်းသော ဂိတ်တံခါးသို့ လာကြပါ။ သင့်အားလက်ရှိ တွယ်ကပ်နေသောအရာများကို ဖယ်ရှားပစ်ပါ။ ခရစ်တော်ကိုသာ ရှုမြင်ပါ။ ခရစ်တော်သည် သင့်ကို မည်သည့်အခါမှ စွန့်ခွာမည်မဟုတ်။ နိမ့်ကျသောချိုင့်ထဲသို့ သွားရသည့်အခါ သင့်ကို သူမစွန့်ပစ်ပါ။ သခင်ယေရှုသည် ကောင်းကြီးမင်္ဂလာလမ်းကြောင်းကို ဤသို့ဖော်ပြထားသည်။ ၎င်းကိုဂရုတစိုက်လေ့လာရန်နှင့် အချက်တစ်ခုစီကို လက်ခံရန် သင့်အား ကျွန်ုပ် ဖိတ်ခေါ်ပါသည်။

ထိုအခါ သူသည် နှုတ်တော်ကိုဖွင့်၍ တပည့်တော်တို့အား ဆုံးမဩဝါဒပေးတော်မူသည်မှာ-

(၃) စိတ်နှလုံးနှိမ့်ချသော သူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား ကောင်းကင်နိုင်ငံတော်သည် ထိုသူတို့၏ နိုင်ငံဖြစ်၏။

(၄) စိတ်မသာညည်းတွားသော သူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား ထိုသူတို့သည် သက်သာခြင်းသို့ ရောက်ကြလတံ့။

(၅) စိတ်နူးညံ့သိမ်မွေ့သော သူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ပြည်တော်ကို အမွေခံရကြလတံ့။

(၆) ဖြောင့်မတ်ခြင်းပါရမီကို ဆာငတ်ခင်မွတ်သော သူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ဝပြောခြင်းသို့ ရောက်ကြလတံ့။

(၇) သနားစုံမက်တတ်သော သူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် သနားစုံမက်ခြင်းကို ခံကြလတံ့။

(၈) စိတ်နှလုံးဖြူစင်သော သူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ဘုရားသခင်ကို မြင်ရကြလတံ့။

(၉) သူတပါးချင်းခိုက်ရန်ပြုခြင်းကို ငြိမ်းစေတတ်သော သူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား ထိုသူတို့သည် ဘုရားသခင်၏သားတော်ဟု ခေါ်ဝေါ်ခြင်းကို ခံရကြလတံ့။

(၁၀) ဖြောင့်မတ်ခြင်းတရားကြောင့် နှောင့်ရှက်ညှဉ်းဆဲခြင်းကို ခံရသောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ကောင်းကင်နိုင်ငံတော်သည် ထိုသူတို့၏ နိုင်ငံဖြစ်၏။

(၁၁) ငါ့ကြောင့် သင်တို့ကို ကဲ့ရဲ့ညှဉ်းဆဲ၍ မမှန်ဘဲလျက် အပြစ်တကာ တင်ကြသောအခါ၊ သင်တို့သည် မင်္ဂလာရှိကြ၏။

(၁၂) ဝမ်းမြောက်ရွှင်မြူးခြင်း ရှိကြလော့။ အကြောင်းမူကား၊ ကောင်းကင်ဘုံ၌ သင်တို့၏ အကျိုးသည် ကြီးလှပေ၏။ သင်တို့ရှေ့က ပေါ်ထွန်းသော ပရောဖက်တို့ကို ထိုနည်းတူညှဉ်းဆဲ ကြပြီ။ ရှင်မဿဲခရစ်ဝင် ၅း၃-၁၂။

သခင်ယေရှု ပြောသည်မှာ-

ဝန်လေး၍ ပင်ပန်းသောသူအပေါင်းတို့၊ ငါ့ထံသို့ လာကြလော့။ ငါသည် ချမ်းသာပေးမည်။ ရှင်မဿဲ ၁၁း၂၈။

သင်၏စိတ်နှလုံးသားကိုရှာဖွေရန် ရက်ပေါင်းများစွာ ကြာနိုင်သည်။ သင်သည် ခရစ်တော်၏လမ်းစဉ်ကို လျှောက်လှမ်းနေသည်ဟုပင် ထင်ခဲ့ဖူးပေမည်။ သို့သော်လည်း မိမိကိုယ်ကိုတိုက်လှန်ခြင်းသည် သင် ၏ အကျင့်စာရိတ္တ၌ ရလဒ်အနည်းငယ်သာ အကျိုးဖြစ်စေခဲ့သည်ကိုသိရှိပါ။ ယနေ့သည် သင့်အတွက် ကယ်တင်ခြင်းနေ့ရက်ဖြစ်သည်။ ခရစ်တော်သည် သင်၏လက်ကိုစွဲကိုင်ပြီး ချိုင့်ထဲမှဆွဲထူရန် အသင့်ရှိ နေပြီဖြစ်သည်။ ဤခြေလှမ်းကိုလှမ်းဖို့ရန်နှင့် ကျွန်ုပ်တို့သည်အသက်ရှင်စဉ်တွင် မှားယွင်းသော လမ်း၌ ခုန်မိခဲ့ခြင်းဖြစ်ကြောင်းသိရှိပြီး လျစ်လျူမရှုဘဲ ယုံကြည်ခြင်းဖြင့်ခုန်ကျော်ဖို့ရန် ကျွန်ုပ်သင့်ကို ခေါ်ဖိတ် ပါသည်။ သင်သည် ဤဆုံးဖြတ်ချက်ချခြင်းဖြင့် မည်သည့်အခါမျှနောက်ဆုတ်မည်မဟုတ်ကြောင်း ကျွန်ုပ် သိပါသည်။ ယနေ့ ကျွန်ုပ်တို့အား သခင်ယေရှု မိန့်မြွက်သည်မှာ-

ခမည်းတော်သည် ငါ့အား ပေးတော်မူသမျှသောသူတို့သည် ငါထံသို့လာကြလိမ့်မည်။ ငါ့ထံသို့လာ သောသူကို ငါသည်အလျှင်းမပယ်။ ရှင်ယောဟန်ခရစ်ဝင် ၆း၃၇။

# အခန်း ၁၀

# နောက်ခြေတစ်လှမ်း

ဤစာအုပ်ငယ်တွင် ဘုရားသခင်နှစ်သက်သောစံပုံစံညွှန်း၏အခြေခံအုတ်မြစ်အချို့ကို ဖော်ပြထားသည်။ သင့်အသက်တာကဏ္ဍအားလုံး၌ ခမည်းတော်နှင့် သားတော်၏ရင်းမြစ်နှင့် ဇာတ်ကြောင်းကို မည်သို့ ချိန်ညှိနိုင်သည်ကို ရှာဖွေတွေ့ရှိနိုင်သောအကြောင်းအရာများ ယခုအခါတွင် ဖြစ်လာသည်။ ဤအရာ သည် ဘုရားသခင့်စံနမူနာကို ဖော်ပြထားသည့်စာအုပ်ငယ်များ၏အစ ဖြစ်သည်။ ကျွန်ုပ်တို့၏ အသက်တာခရီးစဉ်တွင် ဘုရားသခင်၏စံနမူနာများဖြစ်သည့် ချစ်ခြင်းမေတ္တာအိမ်ထောင်ရေးပုံစံ၊ တရားဥပဒေပုံစံ၊ ဝတ်ပြုကိုးကွယ်မှုပုံစံနှင့် ဘဏ္ဍာရေးပုံစံတို့ကို စူးစမ်းလေ့လာရန် လိုအပ်သည်။ ယခုအချိန်အထိ ခရီးစဉ်တွင်ရင်းနှီးမြှုပ်နှံမှုများအတွက် ကျေးဇူးတင်ပါသည်။သင့်အတွက် ကောင်းချီး ဖြစ်စေရန် ဆုတောင်းပါသည်။ ကျွန်ုပ်တို့ဘုရားသခင်၏ နှုတ်ကပတ်တော်စကားများသည် သင်တို့ အား ပြောကြားလိမ့်မည်-

ငါ့သား၊ သင်သည် ပညာစကားကို နားထောင်၍၊ (၂) စေတနာစိတ်နှင့် ဉာဏ်ကို ရှာဖွေသည်တိုင်အောင်၊ ငါ့စကားကို နားခံ၍၊ ငါ့ပညတ်တို့ကို ကိုယ်အထဲ၌ သွင်းမိလျှင်ငှင်း၊ (၃) သိပ္ပံအတတ်ကို ခေါ်၍၊ ဉာဏ်နောက်သို့ အသံကို လွှင့်လျှင်ငှင်း၊ (၄) ငွေကိုရှာတတ်သကဲ့သို့ ပညာကိုရှာ၍၊ ဝှက်ထားသောဘဏ္ဍာကို စူးစမ်းတတ် သကဲ့ သို့၊ ဉာဏ်ကိုစူးစမ်းလျှင်ငှင်း၊ (၅) ထာဝရဘုရားကို ကြောက်သောသဘော၌ ကျင်လည်၍၊ ဘုရားသခင် ကိုသိ သောဉာဏ်နှင့် ပြည့်စုံလိမ့်မည်။ (၆) အကြောင်းမူကား၊ ထာဝရဘုရားသည် ပညာကို ပေးတော်မူတတ်၏။ နား လည်နိုင်သောဉာဏ်သည် နှုတ်ကပတ်တော်အားဖြင့်သာ ဖြစ်တတ်၏။ (၇) ဖြောင့်မတ်သောသူတို့အဘို့ ပညာ ရတနာကို သိုထားတော်မူ၏။ တရားသဖြင့် ကျင့်သောသူတို့ကို ကွယ်ကာတော်မူ၏။ (၈) မိမိသန့်ရှင်း သူတို့သ ည် တရားလမ်းကို စောင့်ရှောက်မည်အကြောင်း၊ သူတို့၏လမ်းခရီးကို လုံခြုံစေတော်မူ၏။ သုတ္တံကျမ်း ၂း၁-၈။

အကြင်ဘုရားသခင်အထဲက ခပ်သိမ်းသောအရာဖြစ်၍၊ အကြင်ဘုရားသခင်အဘို့အလိုငှါ ငါတို့သည် ဖြစ်ကြ ၏။ ထိုခမည်းတော်ဘုရားသခင်တပါးတည်းသာ ငါတို့၌ရှိတော်မူ၏။ အကြင်သခင်အားဖြင့် ငါတို့မှစ၍ ခပ် သိမ်းသောအရာ ဖြစ်ကြ၏။ ထိုသခင်ယေရှုခရစ်တပါးတည်းသာ ငါတို့၌ရှိတော်မူ၏။ ၁ကော ၆း၈။

ယေရှုက၊ ငါသည်လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်သည်လည်းဖြစ်၏။ ငါ့ကို အမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်ရ။ ရှင်ယောဟန်ခရစ်ဝင် ၁၄း၆။


ထိုကြောင့် တဖန်ယေရှုက၊ ငါအမှန်အကန်ဆိုသည်ကား၊ ငါသည် သိုးဝင်သောတံခါးဝဖြစ်၏။ (၈) ငါ့ရှေ့၌ ပေါ် လာသောသူ ရှိသမျှတို့သည် သူခိုးထားပြ ဖြစ်ကြ၏။ ထိုသူတို့၏စကားသံကို သိုးတို့သည် နားမထောင်ကြ။ (၉) ငါသည် တံခါးဝဖြစ်၏။ ငါဖြင့်ဝင်သောသူသည် ဘေးနှင့်ကင်းလွတ်လျက်ထွက်ဝင်၍ ကျက်စားရာကို တွေ့ရ လိမ့်မည်။ ရှင်ယောဟန်ခရစ်ဝင် ၁၀း၇-၉။

ငါတို့မူကား၊ လက်ဝါးကပ်တိုင်မှာ အသေခံတော်မူသော ခရစ်တော်၏ အကြောင်းအရာကို ဟောပြောကြ၏။ ထိုအကြောင်းအရာသည်ကား၊ ယုဒအမျိုးသား ထိမိ၍ လဲစရာအကြောင်းဖြစ်၏။ တပါးအမျိုးသား၌ကား၊ မိုက် မဲခြင်း ဖြစ်၏။(၂၄)သို့သော်လည်း၊ ယုဒလူဖြစ်စေ၊ ဟေလသလူ ဖြစ်စေ၊ ခေါ်တော်မူသောသူတို့၌ ဘုရား သခင် ၏ တန်ခိုး တော်နှင့် ဘုရားသခင်၏ပညာတော်တည်းဟူသော ခရစ်တော်၏ တရားဖြစ်၏။ ၁ကော ၁း၂၃-၂၄။

မေတ္တာချင်းထုံးဖွဲ့၍၊ ခမည်းတော်ဘုရားနှင့် ခရစ်တော်၏ နက်နဲသောအရာကို နားလည်နိုင်သော ဝိစိကိစ္ဆာနှင့် ကင်းစင်သော ဉာဏ်၏စည်းစိမ်အပေါင်းနှင့် ပြည့်စုံ၍၊ စိတ်နှလုံးသက်သာစေမည်အကြောင်း အဘယ်မျှ လောက်ကြီးသော တိုက်လှန်ခြင်းကို ငါခံရသည်ဟု သင်တို့သိစေခြင်းငှါ ငါအလိုရှိ၏။ (၃) ထိုနက်နဲသောအရာ ၌ ပညာဘဏ္ဍာ၊ ဉာဏ်ဘဏ္ဍာရှိသမျှတို့သည် ဝှက်ထားလျက်ရှိကြ၏။ ကောလသဲဩဝါဒစာ ၂း၂-၃။


## ဤစာရေးဆရာရေးသားသည့်အခြားသောစာအုပ်နာမည်များ….

### အဆုံးမဲ့မေတ္တာ





ဓမ္မဟောင်းကျမ်းရှိ သက်သေများသည် ဓမ္မသစ်ကျမ်း၌ခရစ်တော်ဖော်ပြခဲ့သည့် အကြောင်းအရာများဖြစ်ကြောင်း လေ့လာကြည့်ကြပါစို့။ယခင်က သေချာစွာမလေ့လာခဲ့သောကျမ်းစာပုံပြင်များကို ယခုဤစာအုပ်တွင် အသေးစိတ်ဖော်ပြထားပါသည်။ စာမျက်နှာသုံးရာသာရှိသော ဤစာအုပ်သည်အဖြေရှာနေသောသူများအတွက်နှစ်လိုဖွယ်ရာ ဖြစ်ပါသည်။

### စစ်ပွဲများဖြစ်ရခြင်း၏ လက္ခဏာ




ဤစာအုပ်သည် မိမိကိုယ်ကို စမ်းစစ်သည့်ခရီးတစ်ခုကဲ့သို့ ဖြစ်သည်။ ၎င်းသည် ဘဝတန်ဖိုးနှင့်ဆိုင်သောအရာများကို သင်ယူရန် သင့်အားဖိတ်ခေါ်သည်။ ဤစာအုပ်သည်ဤလောက၏တွေးခေါ်မှုမှ လွတ်မြောက်ရန်နှင့် သင်၏ အရေးအကြီးဆုံးသော ဆက်ဆံရေးတွင် လွတ်လပ်မှုရရန် ကူညီပေးမည့် အခြေခံမှုများကို ဖော်ပြပေးသည်။

### မူလချစ်ခြင်းမေတ္တာ




ယနေ့တွင်လူအတော်များများတို့သည် ပေါင်းသင်းဆက်ဆံရေးတွင် သော်လည်းကောင်း၊ အိမ်ထောင်တွင်သော်လည်းကောင်း ခါးသီးသောအတွေ့အကြုံများအဘယ်ကြောင့်ရှိရသနည်း။စာမျက်နှာ (၄၄) မျက်နှာရှိသည့် မူလချစ်ခြင်းမေတ္တာ ဟူသောစာအုပ်သည် ကျွန်ုပ်တို့၏ ပေါင်းသင်း ဆက်ဆံရေး တိုးတက်ကောင်းမွန်လာဖို့ရန် သမ္မာကျမ်းစာမှ မူလအစ ပေါင်းသင်းဆက်ဆံရေးကို အခြေခံထားသော အကြံပေးစာအုပ်ဖြစ်ပါသည်။

# ဘုရားသခင်
# ပုံသွင်းထားသော အသက်တာ
# စံပုံစံညွှန်း

ကမ္ဘာအနှံ့ရှိ အသက်တာ၏ပုံစံများ အားလုံးသည် ကျွန်ုပ်တို့ပတ်ဝန်းကျင်
တွင်ရှိသည်။ သူတို့သည် မူလရင်းမြစ်အရှင်ဖြစ်သည့်
ဘုရားသခင်၏စံပုံစံညွှန်းမှ သားတော်အားဖြင့် ခမည်းတော်ထံမှ
ရောက်လာခြင်းဖြစ်သည်။ ၎င်းကို အသက်တာ၏
အဆင့်တိုင်းတွင်တွေ့ရသည်။

နေနှင့် လ၊ မျိုးစေ့နှင့် အပင်၊
မိဘနှင့် ကလေး၊ ဘုရင်နှင့် တိုင်းပြည်၊
ဓမ္မဟောင်းကျမ်း – ဓမ္မသစ်ကျမ်း
၎င်းတို့သည် ဇစ်မြစ်နှင့် ဇာတ်ကြောင်း စံပုံစံညွှန်း၏
အဓိကသော့ချက်ဖြစ်သည်။

အထက်ပါအကြောင်းအရာနှင့်ဆန့်ကျင်လျက် အဖျက်သဘောဆောင်သည့်
ပဋိပက္ခပုံစံသည် အမျိုးသား၊ အမျိုးသမီးများ၏ အသက်တာတွင်
လည်းကောင်း၊ ခေါင်းဆောင်များနှင့် အုပ်ချုပ်သူများ၏
စိတ်နှလုံးသားထဲတွင်လည်းကောင်း ဝင်ရောက်လာသည်။ အားလုံးသည်
သူတို့၏ အသက် (သို့) သေခြင်း ၏ပုံစံကို ရွေးချယ်ရမည်။
အသက်ကိုရွေးချယ်ရန် မြင့်မြတ်သော ကျမ်းချက်များသည် ကျွန်ုပ်တို့ကို
အားပေးလျက်ရှိပါသည်။